ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့ (1-12-2013) (၇၆၈၁)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော်    ဒီဇင်ဘာ    ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အကင်း အကွီနို (၃)၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ပြောကြားသည့် မိန့်ခွန်း

**မိဘပြည်သူများခင်ဗျား**

ယခုလရေဒီယိုကနေ ပြည်သူလူထုထံဆက်သွယ်ပြောကြားတဲ့အစီအစဉ်မှာ လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေးအပြောင်းအလဲများနဲ့ပတ်သက်တဲ့ သဘောထားနှင့် ရပ်တည်ချက်အချို့ကို ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။



လက်ရှိ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရရှိထားတဲ့ နိုင်ငံရေးအပြောင်းအလဲများနဲ့ ဖြစ်စဉ်များဟာ နှစ်နှစ်ကျော်ကြာကာလကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီလိုရောက်ရှိလာတာနဲ့အညီ သိသာတဲ့အဆင့်တစ်ခုသို့ရောက်နေပြီဆိုတဲ့ အချက်ကတော့ ငြင်းဆိုလို့မရတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီအဆင့်ကိုရောက်ရှိလာအောင် ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးအနေနဲ့ အခက်အခဲပေါင်းများစွာ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# ပြည်သူလူထုအကြား၊ နိုင်ငံသားတစ်ဦးနှင့်တစ်ဦးအကြား ကာလကြာရှည်လျော့ပါးခဲ့ရသည့် အပြန်အလှန် ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ရေးသည် နိုင်ငံရေးလိုအပ်ချက်တစ်ရပ်အနေဖြင့် တည်ရှိနေ

## ယင်းလိုအပ်ချက်ကို အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့များ၊ အသင်းအဖွဲ့များက ကြိုးပမ်းတည်ဆောက်လျက်ရှိ

ရန်ကုန်    နိုဝင်ဘာ    ၃၀

**အမျိုးသားစည်းလုံးညီညွတ်မှုကို စုစည်းနိုင်ရန် မိမိတို့လူ့အဖွဲ့အစည်းတွင် အစိုးရနှင့် ပြည်သူအကြား၊ အင်စတီကျူးရှင်းများနှင့် ပြည်သူလူထုအကြား၊ နိုင်ငံသားတစ်ဦးနှင့်တစ်ဦးအကြား ကာလကြာရှည် ပျောက်ဆုံးခဲ့ရသည့် အပြန်အလှန်ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ရန်လိုအပ်ကြောင်း၊ ယင်းကြီးမားသည့်စိန်ခေါ်မှုကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ အခန်းကဏ္ဍသည် အဓိကကျသည့်နေရာတွင် တည်ရှိနေကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ပြောကြားခဲ့သည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အစိုးရနှင့် လူထုအခြေပြုအဖွဲ့အစည်းများက ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပသော တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ကျင်းပရာ အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ Inter Faith အဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အပါအဝင် လူထုအခြေပြုအဖွဲ့အစည်းပေါင်း ၁၀၀ ကျော်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယခုအချိန်မှာ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ခုကို ပေါ်ထွက်လာရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်နေသောကာလဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင်လည်း မိမိတို့၏ လုပ်ဆောင်ချက်များကို ပြည်သူနှင့် တိုင်ပင်ဆွေးနွေးပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုရှေ့ဆက်ပြီး တိုင်းပြည်အတွင်းပြုပြင်ပြောင်းလဲရေးများကို တစိုက်မတ်မတ် ဆောင်ရွက်သည့်အခါ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်း များ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုပြီး ပါဝင်ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း လူထုအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် လက်ရှိ မြန်မာနိုင်ငံတွင် လုပ်ဆောင်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံရေးအပြောင်းအလဲများနှင့် ဖြစ်စဉ်များရှင်သန်အောင်မြင်စေရန် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်နေကြသော အခန်းကဏ္ဍကို အထူးအလေးထားကြောင်း ပြောကြားရင်း အစပြုလိုပါကြောင်း၊ အခက်အခဲများ၊စိန်ခေါ်မှုများ ပြည့်နှက်နေသည့်ကြားမှ တည်ငြိမ်အေးချမ်းသော နိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် လူထုအခြေပြုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



**ကြေးမုံ စာတည်းရှုထောင့်** **၁-၁၂-၂၀၁၃၊ တနင်္ဂနွေနေ့**

# ကိုယ်ကျင့်သီလထိန်းသိမ်း

တိုင်းပြည်နှင့်လူမျိုးတို့၏ ဘာသာ သာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာများသည် ထိုတိုင်းပြည်၊ ထိုလူမျိုးတို့၏ စိတ်ဓာတ်၊ စရိုက်လက္ခဏာနှင့် လူမှုဘဝအခြေအနေများကို ထင်ဟပ်ပေါ်လွင်စေပါသည်။

တစ်ဦးနှင့်တစ်ဦးဆက်ဆံရာ၌ အရေးအပါဆုံးဖြစ်သည့် ကိုယ်အမူအရာယဉ်ကျေးခြင်း(ကာယကံယဉ်ကျေးမှု)၊ အပြောအဆိုနူးညံ့သိမ်မွေ့ခြင်း(ဝစီကံယဉ်ကျေးမှု)၊ စိတ်ထားဖြူစင်မြင့်မြတ်ခြင်း(မနောကံယဉ်ကျေးမှု) များသည် ဘာသာစာရိတ္တယဉ်ကျေးမှုများဖြစ်ပါသည်။

ဖော်ပြပါအတိုင်း ပြုမူပြောပါမူ ကုသိုလ်မင်္ဂလာများ တိုးပွားပြီး ဤဘဝမှာလည်း ယဉ်ကျေးသောနိုင်ငံသားများအဖြစ် ဂုဏ်ယူထင်ပေါ်မည်။ အခြားသူများကလည်း အထင်ကြီးလေးစားမည်ဖြစ်သည်။ တမလွန်ဘဝမှာလည်း ကောင်းကျိုးချမ်းသာများ ဆင့်ကဲရရှိနိုင်မည်ဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း ပြောဆိုပြုမူခြင်းမရှိလျှင် ဂါရဝ နိဝါတ သုဘာသိတမင်္ဂလာများ ပျက်ပြား၍ အပြောအဆိုရိုင်းစိုင်းလာမည်။ စရိုက်လက္ခဏာများ ကြမ်းတမ်းလာမည်ဖြစ်သည်။ လူတို့အနေဖြင့် ကောင်းမှုထက် မကောင်းမှုတို့တွင် ပျော်မွေ့တတ်သည်မှာ ဓမ္မတာဖြစ်သည်။

ထိုသို့မကောင်းမှုတွင် ပျော်မွေ့ကြပြီး ထိုမကောင်းမှုတို့ကို တွန်းအားပေးတတ်သော လုပ်ဆောင်မှုများ ဥပမာအားဖြင့် အရက်သေစာသောက်စားခြင်း၊ မယဉ်ကျေးဖွယ် ဖျော်ဖြေတင်ဆက်ခြင်း၊ ညစ်ညမ်းဖွယ်ရာဖော်ပြခြင်းနှင့် ယုတ်စွအဆုံး မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ပါ ပေါင်းစပ်ဖြစ်ပေါ်လာပါက ယဉ်ကျေးမှုပျက်ယွင်းခြင်းမှ ကျော်လွန်၍ ဒုစရိုက်မှုများ ကျူးလွန်သည်အထိ ဖြစ်ပေါ်လာနိုင်ပါသည်။

မျက်မှောက်ကာလတွင် အကျင့်စာရိတ္တပျက်ယွင်းမှုနှင့်အတူ ကိုယ်ကျင့်သီလဖောက်ဖျက်ကျူးလွန်သည်အထိ လူမှုဘဝနယ်ပယ်တွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအမှုများကို ကျူးလွန်လာသည်ကို ကြားသိနေရပါသည်။ အထူးသဖြင့် အသိပညာ ဗဟုသုတနည်းပါးသော ကျေးရွာ၊ရပ်ကွက်အချို့တွင် အရွယ်မရောက်သေးသည့် မိန်းကလေးငယ်များအား အဓမ္မမှုကျူးလွန်ခြင်းများကြားသိနေရပါသည်။

ယင်းသို့ဖြစ်ပေါ်ရခြင်း၏ အဓိကလက်သည်မှာ ထိုအရပ်၊ထိုဒေသများအတွင်းရှိ လူထုအတွင်းသို့ ဖြန့်ချိပေးလိုက်သော ညစ်ညမ်းအရုပ်အသံအခွေများကြောင့်ဖြစ်သည်ဟု လုံခြုံရေးဆိုင်ရာတာဝန်ရှိသူတို့က ဆိုသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ် ၁၀ လတာကာလ၌ ဖြစ်ပွားခဲ့သည့် မုဒိမ်းမှုကျူးလွန်သည့်ဖြစ်စဉ်များထဲတွင် သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များက ထက်ဝက်ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က အဆိုပါဖြစ်စဉ်ဖြစ်ပွားမှုနှုန်းလျော့ကျစေရေးအတွက် မြို့နယ်၊ ကျေးရွာများတွင် ရှုတ်ချပွဲများ၊ အသိပညာပေးဟောပြောပွဲများ၊ ဆင်ဆာမဲ့ဗီဒီယိုခွေရောင်းချနေမှုများကို အရေးယူခြင်းနှင့် ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း ပြစ်မှုများထပ်မံဖြစ်ပွားနေသဖြင့် ပိုမိုထိရောက်အောင် ဆက်လက်ဆောင်ရွက်ပေးရန်တိုက်တွန်းပါသည်။

ထို့ကြောင့် မိမိတို့၏ အရွယ်မရောက်သေးသည့် မိန်းကလေးငယ်များအားမိဘများအနေဖြင့် ရင်အုပ်မကွာစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ကလေးငယ်များအား မည်သူ့ကိုမျှ ယုံကြည်စွာဖြင့် မထားခဲ့သင့်ကြောင်း၊ မိခင်အရင်းကသာ စောင့်ရှောက်ရန်လိုကြောင်း၊ ကလေးငယ်များအား အပြင်သို့ အဖော်မပါဘဲ တစ်ယောက်တည်းစေလွှတ်ခြင်း စသည်တို့ကို မပြုမိရန်လိုအပ်ပါသည်။

ထို့ကြောင့် အဓိကလက်သည် ထုတ်လုပ်ဖြန့်ဖြူးသူများကို အပြီးတိုင်တိုက်ဖျက်ကြရန်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကာကွယ်ထိရောက်စွာနှိမ်နင်းကြပြီး မိဘများကလည်း မျက်စိအောက်ကအပျောက်မခံကြဘဲ မိမိတို့၏ သားသမီးများကို စောင့်ရှောက်ကြရန် အသိပေးအပ်ပါသည်။ ။

# Panasonic ၈ လူမှုရေးအဖွဲ့အစည်းများသို့ ဆိုလာမီးအိမ်အလုံး ၂၀၀၀ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်မြန်မာနိုင်ငံရှိ ကျေးလက်ဒေသတချို့၏ လူနေမှုဘဝကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် Panasonic ၏ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်အလုံး ၂၀၀၀ လှူဒါန်းပွဲနှင့် မိတ်ဆက်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

"လျှပ်စစ်မီးလုံလောက်စွာ မရရှိတဲ့ မြန်မာနိုင်ငံကဒေသတချို့က ပြည်သူတွေရဲ့ လျှပ်စစ်မီးလိုအပ်ချက်ကို တစ်တပ်တစ်အား ကူညီထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်တဲ့ သဘာဝအရင်းအမြစ်နဲ့ပြုလုပ်ထားတဲ့ ဆိုလာမီးအိမ်ကို ယခုလို လှူဒါန်းရတဲ့အတွက် ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေးများမှာ အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ရနိုင်လိမ့်မယ်ဟု ယုံကြည်မျှော်လင့်မိပါတယ်"ဟု Panasonic ကုမ္ပဏီ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံအရာရှိချုပ် Mr.Hisa Kazu Maeda ကပြောသည်။

ယခုအစီအစဉ်သည် တစ်ကမ္ဘာလုံးဆိုင်ရာ ဆိုလာမီးအိမ်အလုံး တစ်သိန်းလှူဒါန်းမည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ ဂျပန်-မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအထိမ်းအမှတ် အစီအစဉ်လည်းဖြစ်သည်။

လှူဒါန်းမှုကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ Japan Heart၊ Bridge Asia Japan၊ Greater Mekong Initiative နှင့် စေတနာအစရှိသော လူမှုရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းငါးခုသို့ လှူဒါန်းမည်ဖြစ်သည်။

အဆိုပါ ဆိုလာမီးအိမ်သည် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးအတွက်သာမက USB ကဲ့သို့ အားသွင်းသည့် အပေါက်ပါရှိခြင်းကြောင့် ကျေးလက်ဒေသအထိ မိုဘိုင်းဖုန်းအသုံးပြုမှုတွင်ကျယ်လာသည့် ယနေ့ အချိန်အခါတွင် အားသွင်းပစ္စည်းတစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည်။

"Panasonicက ဒီနှစ်ဆန်းပိုင်း ဖေဖော်ဝါရီလမှာ လှူဒါန်းလိုက်တဲ့ ဆိုလာမီးအိမ်တွေကို ဘေးအန္တရာယ်ကျရောက်နေတဲ့ဒေသ၊ ပဋိပက္ခဖြစ်ပွားတဲ့ဒေသ၊ ယာယီပြောင်းရွှေ့နေရာချထားပေးတဲ့ ဒေသတွေကို အချိုးကျခွဲဝေပေးလိုက်တော့ အဲဒီဒေသက ကလေးတွေ စာဖတ်နေတာတွေ တွေ့ရ၊ အိမ်ရှင်မတွေ အချက်အပြုတ်၊ အချုပ်အလုပ်လုပ်နေတာတွေ တွေ့ရ၊ ကျန်းမာရေးဝန်ထမ်းတွေ ကျန်းမာရေး စောင့်ရှောက်မှုပြုတဲ့ နေရာတွေမှာ အသုံးပြုတာတွေ တွေ့ရလို့ အရမ်းဝမ်းသာပါတယ်။ Panasonic ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်" ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေက ဆိုသည်။

"အထူးသဖြင့် လျှပ်စစ်မီး မရလို့ မှောင်မည်းနေတဲ့ အမှောင်ထုမှာ ဖြစ်တတ်တဲ့ ဒုစရိုက်မှုတွေကို ဒီမီးအိမ်လေးက တော်တော်လေး ဖယ်ရှားပေးတယ်။ ရွက်ဖျင်တဲ တစ်ခုမှာ မီးအိမ် တစ်ခု၊ နှစ်ခုချိတ်ထားလိုက်တာနဲ့ လုံခြုံရေးအတွက် တော်တော်အဆင်ပြေတာတွေ့ရတယ်။ ကလေးတွေနဲ့ အမျိုးသမီးတွေအတွက် အမှောင်ထဲမှာ ဟိုနား၊ ဒီနားသွားဖို့အတွက်လည်း လက်စွဲဖော်ကောင်းတစ်ခုဖြစ်တာမို့ အရမ်းဝမ်းသာပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆိုလာမီးအိမ်ကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ တစ်လုံးလျှင် လက်လီဈေးနှုန်းအမေရိကန်ဒေါ်လာ ၅၀ ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး မြို့ကြီးများရှိ စူပါမားကတ်များသာမက ကျေးလက်ဒေသများရှိ လက်လီအရောင်းဆိုင်များသို့ပါ အရောက်ပို့ဆောင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေဆွေနိုင်(သတင်းစဉ်)**



# အရာထမ်းငယ်အခြေခံသင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၅၆) သင်တန်းဆင်း အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၇ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ကျင်းပရာ ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဆင်းအမှာစကားပြောကြား၍ ဆုများချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဒုတိယဦးစီးအရာရှိအဆင့်သင်တန်းသား သင်တန်းသူ ၂၈၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့သည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ် ၂၉၈၄၃ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ် ရေးညွှန်ကြားမှု ဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ် ထုတ်ပေးရေးဌာနစိတ်က လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon, Pick Up, Ban, Wagon, Light Truck, Box Truck, Extra CAB/Space CAB နှင့် TRUCK တို့အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၂၉၈၄၃ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၁၇၈ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှထုတ်ပြန်သော စာရင်းအရ သိရသည်။

**အေးကို(သတင်းစဉ်)**



# မှန်ကန်တဲ့နိုင်ငံရေးနည်းလမ်းတွေနဲ့ တိုင်းရင်းသားများရဲ့လိုလားချက်များကို ဆွေးနွေးညှိနှိုင်းဖို့ အခိုင်အမာသန္နိဋ္ဌာန်ချထား

❖ **နိုင်ငံတော်သမ္မတမှ**

ပြဿနာပေါင်းများစွာနဲ့ စိန်ခေါ်မှုများစွာရှိနေတဲ့ကြားထဲက ကြိုးစားတက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်တယ်ဆိုတာကလည်း ငြင်းဆိုလို့မရတဲ့အချက်ပါပဲ။

အခုရရှိထားတဲ့ အဆင့်ဟာဆိုရင် မျိုးစေ့အဆင့်ကနေ အစို့အညှောက်ပေါက်တဲ့အဆင့်သို့ ရောက်ရှိလာပြီလို့ပြောရမှာပဲဖြစ်ပါတယ်။ အစို့အညှောက်ဘဝကနေ အဆင့်ဆင့်ရှင်သန်ကြီးထွားဖို့ဆိုတာကတော့ ကျွန်တော်တို့အားလုံး မဖြစ်မနေဆက်လက်လုပ်ဆောင်သွားရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်ပဲဖြစ်ပါတယ်။ ဒီကိစ္စဟာ တခြားရွေးချယ်စရာနည်းလမ်းမရှိဘဲ လက်ရှိဖြစ်ထွန်းနေတဲ့ နိုင်ငံရေးအပြောင်းအလဲများခိုင်မာပြီး အသွင်ကူးပြောင်းရေးကိစ္စအရပ်ရပ် လမ်းမှန်ကမ်းမှန်ဖြစ်စေဖို့ မိမိတို့အားလုံးမဖြစ်မနေ လုပ်ဆောင်ကြရမှာပဲဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေဆက်လက်ရှင်သန် နိုင်ဖို့ဆိုတာ ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။

နိုင်ငံရေးအပြောင်းအလဲများနဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်များ ဒီအဆင့်ကိုရောက်လာဖို့ဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရောက်ရှိလာခြင်းမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေးအစုအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အသင်းအဖွဲ့များ၊ တပ်မတော်နဲ့ နိုင်ငံသားတစ်ဦးချင်းစီက ကျရာကဏ္ဍကနေပြီး လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကာလအတွင်း ဝိုင်းဝန်းအားထုတ်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြလို့ ယခုလိုအခြေအနေကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

ယခု နှစ်နှစ်ကျော်ကာလမှာ တက်လှမ်းနိုင်ခဲ့တဲ့ နိုင်ငံရေးဖြစ်ထွန်းမှုအဆင့်ဆင့်ကို ရေရာသေချာတဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်တစ်ရပ်အနေနဲ့ ခိုင်ခိုင်မာမာဖြစ်ပေါ်လာဖို့ဆိုရင် မိမိတို့ထားရှိရမယ့် တူညီတဲ့ ရည်မှန်းချက်တွေဟာလည်း ခိုင်မာတဲ့ရပ်တည်ချက်တွေပါဝင်ဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ထားရှိရမယ့် တူညီတဲ့ ရည်မှန်းချက်တွေဟာ လက်တွေ့ကျဖို့လည်း လိုအပ်ပြီး ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ လက်ရှိမျိုးဆက်အတွက်သာမကဘဲ နောင်လာမယ့်မျိုးဆက်သစ်တွေအတွက်ပါ ခိုင်မာတဲ့၊ အာမခံချက်ရှိတဲ့ နိုင်ငံရေးအနာဂတ်ပိုင်ဆိုင်ဖို့အတွက် လိုအပ်တဲ့အခြေခံကောင်းများပါဝင်တဲ့ အုတ်မြစ်တွေချနေခြင်းဖြစ်တယ်လို့ ရှုမြင်ကြရမှာဖြစ်ပါတယ်။

နိုဝင်ဘာလအတွင်းမှာ လုပ်ဆောင်ခဲ့တဲ့ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ရှင်းလင်းတင်ပြလိုပါတယ်။ နိုဝင်ဘာလမှာ အရေးကြီးတဲ့ကိစ္စတစ်ခုကတော့ EU-Myanmar Task Force ဆွေးနွေးပွဲများအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ပြည်သူအများကိုအကျိုးပြုတဲ့ အမျိုးသားစီးပွားရေးစနစ်တစ်ရပ်ပိုင်ဆိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကနေတစ်ဆင့် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ရေးကိစ္စတွေကို ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကာလအတွင်း ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေအတွက် အောင်မြင်ဖို့ဆိုရင် ဒီမိုကရေစီစနစ်ရှင်သန်ရေးနဲ့ အမြစ်တွယ်ခိုင်မာရေး၊ မတူညီကွဲပြားမှုတွေရှိနေတဲ့ မိမိတို့လူ့အဖွဲ့အစည်းမှာ တန်းတူရည်တူရှိမှုနဲ့ အပြန်အလှန်လေးစားမှုရှိရေး၊ လူများစုကလူနည်းစုရဲ့လိုလားချက်များကို အလေးထားရေး၊ ပွင့်လင်းလွတ်လပ်ပြီး တည်ငြိမ်မှုရှိတဲ့နိုင်ငံဖြစ်စဉ်နဲ့ နိုင်ငံရေးမှာ နိုင်ငံသားအားလုံးပါဝင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေတိုးတက်မြင့်မားလာရေးနဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအပါအဝင် ကမ္ဘာ့စီးပွားရေးစနစ်နဲ့ပြန်လည်ချိတ်ဆက်မိရေးဆိုတဲ့ကိစ္စရပ်များဟာ အထူးအရေးကြီးပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို မြန်မာနိုင်ငံနဲ့ဥရောပသမဂ္ဂနိုင်ငံများအကြား ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် EU-Myanmar Task Force ကိုဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်ရာမှာ အစိုးရ၊ လွှတ်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေးအစုအဖွဲ့များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနဲ့ လုံခြုံရေးအဖွဲ့အစည်းများအချင်းချင်း အဆင့်ဆင့် အလွှာပေါင်းစုံချိတ်ဆက်လုပ်ဆောင်ဖို့ စီမံဆောင်ရွက်ထားတယ်လို့လည်း သိရှိရပါတယ်။

EU-Myanmar Task Force ကို ဖွဲ့စည်းနိုင်ခြင်းဟာ ဥရောပသမဂ္ဂနိုင်ငံများနဲ့ မြန်မာနိုင်ငံအကြား ရေရှည် ခိုင်မာတဲ့ဆက်ဆံရေးတစ်ရပ် အစပြုထူထောင်ခြင်းလည်းဖြစ်ပါတယ်။ ဒီကနေ့ အချိန်ကာလလိုမြန်မာနိုင်ငံအနေနဲ့ သိက္ခာရှိတဲ့ မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာ့မိသားစုနိုင်ငံများအကြား ပြန်လည်ဝင်ရောက်ဖို့ ကြိုးပမ်းနေချိန်မှာ အခုလိုဘက်စုံဆက်ဆံရေး ပုံစံတစ်ခုအစပြုနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ ဥရောပသမဂ္ဂမှတာဝန်ရှိသူများနဲ့ မိမိအစိုးရတာဝန်ရှိ ဝန်ကြီးများ၊ ဝန်ထမ်းများကိုလည်း မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။

ယခုလိုကိစ္စရပ်များကို ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြမယ်ဆိုရင်တော့ များမကြာမီကာလမှာ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့မိသားစုအလယ်မှာ သိက္ခာရှိတဲ့၊ တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်လို့ လိုင်ဇာဒေသမှာကျင်းပပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားအဖွဲ့ပေါင်းစုံပါဝင်တဲ့ ဆွေးနွေးပွဲဟာ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ အရေးကြီးတဲ့ သမိုင်းမှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်။ ဒီလိုင်ဇာဆွေးနွေးပွဲနဲ့ ဆက်စပ်ပြီး မြစ်ကြီးနားမြို့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားအဖွဲ့ပေါင်းစုံတို့ရဲ့ ဆွေးနွေးညှိနှိုင်းမှုများဟာလည်း အောင်မြင်မှုရရှိပြီး တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးအတွက် အဆင့်ဆင့်ဖြစ်ထွန်းမှုများ ဖြစ်တယ်ဆိုတာ တွေ့မြင်ရမှာဖြစ်ပါတယ်။

မြစ်ကြီးနားဆွေးနွေးပွဲများကို အခြေခံပြီး ဒီဇင်ဘာလမှာ တိုင်းရင်းသားအဖွဲ့ပေါင်းစုံ ဘားအံမြို့မှာ တွေ့ဆုံဆွေးနွေးဖို့ ဆုံးဖြတ်ချက်ချနိုင်ခဲ့တာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ကြားကာလမှာ ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများ မြန်ဆန်သွက်လက်စေဖို့အတွက် တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံက တာဝန်ပေးအပ်ထားတဲ့အလုပ်အဖွဲ့တစ်ရပ်ဖွဲ့စည်းပြီး တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံ အခြေပြုရာဒေသအားလုံးကို သွားရောက်ညှိနှိုင်းလျက်ရှိကြောင်းကိုလည်း သိရှိထားပါတယ်။ အခုလို ဆောင်ရွက်မှုများဟာ မိမိတို့အားလုံး လက်တွဲပူးပေါင်းလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးရဲ့ ထက်သန်သော စိတ်ရင်းစေတနာမှန်ကို ပြသနေခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ရှုမြင်ပါကြောင်း ပြောကြားလိုပါတယ်။

အလျဉ်းသင့်လို့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ စပ်လျဉ်းတဲ့အချက်တစ်ချက်ကို ဒီနေရာမှာ ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ ငြိမ်းချမ်းရေးကို စတင်ဖိတ်ခေါ်ခဲ့ပါတယ်။ ဖိတ်ခေါ်ခဲ့တဲ့ အစဦးကာလတွေမှာ ဒီငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ မယုံကြည်မှု၊ သံသယဖြစ်မှုတွေ များစွာရရှိခဲ့ပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်တာကာလမှာ အပစ်အခတ်ရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ အဆင့်ဆင့်တက်လှမ်းနိုင်ခဲ့ပါတယ်။ ဒီလိုတက်လှမ်းနိုင်ခြင်းဟာ ပါဝင်ပတ်သက်သူအားလုံးရဲ့ စိတ်ရင်းစေတနာမှန်ကို အခြေခံတဲ့ အောင်မြင်မှုများလို့ ဆိုရမှာဖြစ်ပါတယ်။

ကျန်ရှိနေသေးတဲ့ သံသယတွေ၊ မယုံကြည်မှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေကို ဖြေလျှော့ပြီး မှန်ကန်တဲ့နိုင်ငံရေးနည်းလမ်းတွေနဲ့ တိုင်းရင်းသားများရဲ့ လိုလားချက်များကို ဆွေးနွေးညှိနှိုင်းဖို့ အခိုင်အမာသန္နိဋ္ဌာန်ချထားကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ထပ်လောင်းပြောကြားလိုတဲ့ ကိစ္စကတော့ ယခုတစ်ကြိမ် ငြိမ်းချမ်းရေး ကမ်းလှမ်းတာဟာ စိတ်ရင်းစေတနာမှန်ကို အခြေပြုတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းဖို့ ဖြစ်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီနိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းရန်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်တဲ့ တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်သဘောတူညီမှုရယူခြင်းနဲ့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

အခြား ဖြစ်ထွန်းမှုတစ်ရပ်အနေနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုစည်းပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ စတင်ထိတွေ့ဆွေးနွေးလျက်ရှိကြောင်း သိရှိရပါတယ်။ ယခုလို ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ကျွန်တော့်အနေနဲ့ ကြိုဆိုအားပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဒီဇင်ဘာလထဲမှာ ကျင်းပမယ့် ဘားအံညီလာခံများကနေ အစွန်းတရားများကို ရှောင်နိုင်တဲ့ ဆွေးနွေးညှိနှိုင်းမှုများကတစ်ဆင့် ရလဒ်ကောင်းများရရှိပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ အဆင့်လိုက် တိုးမြှင့်လုပ်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

လက်ရှိအစိုးရလက်ထက်မှာ ချမှတ်ထားတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်ရဲ့ အဓိကအစိတ်အပိုင်းများဖြစ်တဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနဲ့ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

ဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ပြောကြားလိုတာကတော့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးကို အမျိုးသားအဆင့် စီမံချက်များချမှတ်ပြီး ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားကျန်းမာရေး တည်ဆောက်မှုရဲ့ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မိမိတို့နိုင်ငံမှာ ရှိနေပြီးဖြစ်တဲ့ ရေအရင်းအမြစ်များစွာကို ပေါင်းစည်းထားတဲ့ ရေစီမံခန့်ခွဲမှု စနစ်နဲ့ ထိရောက်စွာ အသုံးချနိုင်ဖို့ အမျိုးသားရေး လိုအပ်ချက်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဒါ့အပြင် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြတဲ့အခါမှာ ကျွန်တော့်အနေနဲ့ အရေးကြီးဆုံးအချက်လို့ ရှုမြင်တဲ့ကိစ္စရပ်ကတော့ လက်တွေ့နိုင်ငံရေး အခြေအနေကိုထင်ဟပ်တဲ့ စဉ်းစားတွေးခေါ်မှုတွေ၊ လုပ်ဆောင်မှုတွေနဲ့ နိုင်ငံရေးဦးဆောင်မှုပေးခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံရေးခေါင်းဆောင်များ အားလုံးအနေနဲ့ ဒီမိုကရေစီအရေးကို နှောင့်နှေးစေသည့်အစွန်းနှင့် မြန်ဆန်လွန်းသည့်အတွက် အလှမ်းကျယ်အလယ်လပ်တဲ့ အစွန်းနှစ်ပါးကို ရှောင်ရှားပြီး မိမိတို့နိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်း၊ ယခုပစ္စုပ္ပန်အခြေအနေနဲ့ အနာဂတ်အတွက် အကျိုးအပြစ်တို့ကို ရှုမြင်သုံးသပ်ကာ နိုင်ငံရေးရင့်ကျက်မှုရှိရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျနဲ့ ယခုရရှိထားတဲ့ နိုင်ငံရေး အပြောင်းအလဲနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အားဖြည့်ရာရောက်စေမယ့် ချဉ်းကပ်မှုများနဲ့ ကိုင်တွယ်လုပ်ဆောင်ကြဖို့လည်း တိုက်တွန်းပြောကြားအပ်ပါတယ်။

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့ဟာ ဆိုရင် (၉၃) နှစ်မြောက် အမျိုးသားနေ့ပဲဖြစ်ပါတယ်။ ဒီအမျိုးသားနေ့ အခါသမယမှာဆိုရင် ကျွန်တော်တို့ဟာ အတိတ်ကာလမှာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့မှန်ကန်တဲ့ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်နိုးကြားလာမှုတွေဟာ ပြည်သူများအကြားမှာ နိုင်ငံရေးအသိစိတ်နိုးကြားမှုနဲ့ နိုင်ငံရေးဖြစ်စဉ်မှာပါဝင်လိုမှုတွေကို မြင့်မားလာစေခဲ့တယ်ဆိုတာကို ပြန်လည်အမှတ်ရကြမှာပဲဖြစ်ပါတယ်။ မှန်ကန်တဲ့ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး စတင်ခဲ့တဲ့ နိုင်ငံရေးနိုးကြားမှု၊ ဒီနိုင်ငံရေးနိုးကြားမှုကိုအခြေခံတဲ့ နိုင်ငံရေးဖြစ်စဉ်၊ အမျိုးသားစည်းလုံးညီညွတ်မှုအားနဲ့ လွတ်လပ်ရေးရယူနိုင်ခဲ့သလိုပါပဲ။

ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးအနေနဲ့ ယခုအချိန်မှာလည်း လွတ်လပ်ရေးရယူစဉ်ကာလကလို အမျိုးသားစည်းလုံးညီညွတ်မှု အားတစ်ခုတည်ဆောက်ပြီး မိမိတို့မြင်တွေ့လိုတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းဖြစ်ပေါ်လာအောင်ဆိုရင် လက်ရှိရရှိထားတဲ့ နိုင်ငံရေးအပြောင်းအလဲများနဲ့ ဖြစ်စဉ်တွေ ဆက်လက်ရှင်သန်ဖို့လိုပါတယ်။ ဒီလိုဆက်လက်ရှင်သန်မှုလည်း ခိုင်မာတဲ့ အသွင်ကူးပြောင်းရေးအဆင့်ဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယနေ့ပြည်သူလူထုအများစုလိုလားတဲ့ ဒီမိုကရေစီစနစ်ပီပြင်စွာ ပေါ်ပေါက်လာစေရေးနဲ့ အမြစ်တွယ်ခိုင်မာစေရေးအတွက် လက်ရှိဖြစ်စဉ်တွေ ဆက်လက်ရှင်သန်အောင်၊ ခိုင်မာတဲ့ အသွင်ကူးပြောင်းရေးအဆင့်ဆင့်ကို တက်လှမ်းနိုင်အောင် အမျိုးသားစည်းလုံးညီညွတ်မှုအားနဲ့ တည်ဆောက်သွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ လာမည့် ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရခဲ့တဲ့ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ ကျင်းပပြုလုပ်တော့မှာဖြစ်ပါတယ်။ နှစ်ပေါင်း (၄၄)နှစ်ကြာပြီးမှ ကျင်းပပြုလုပ်ခွင့်ရခဲ့တဲ့အတွက် ကျွန်တော်တို့နိုင်ငံသားအားလုံး "ငါတို့လုပ်နိုင်တယ်" လို့ ဂုဏ်ယူကြရမှာဖြစ်ပါတယ်။ အဝေးကနေလာရောက်ကြတဲ့ မိမိတို့ရဲ့ အာဆီယံမိသားစုဝင်အားကစားသမားတွေကိုကူညီကြဖို့၊ ကာကွယ်စောင့်ရှောက်ကြဖို့ မိမိတို့မှာတာဝန်ရှိပါတယ်။ ကူညီစောင့်ရှောက်ပေးကြဖို့နဲ့ အားကစားပြိုင်ပွဲများမှာ နိုင်ငံကြီးသားပီသစွာ မျှမျှတတအားပေးကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ။

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ပြန်လည်ရေးဆွဲ

ရှိုင်းထက်ဇော်

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တီမောအသင်းနုတ်ထွက်သွားခဲ့သောကြောင့် ပွဲစဉ်များကို ပြန်လည်ရေးဆွဲထားသည်။

ပြိုင်ပွဲကို အသင်းခုနစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တီမောအသင်းပါဝင်သော အုပ်စု(ခ)ကို အသင်းသုံးသင်းဖြင့်သာ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စု(က)တွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ မလေးရှားတို့ပါဝင်ကြသည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ပွဲစဉ်များ)**

| | | |
|---|---|---|
| ၁၀-၁၂-၁၃ | ဗီယက်နမ် - အင်ဒိုနီးရှား | ၄နာရီ |
| | မြန်မာ - ဖိလစ်ပိုင် | ၆း၄၅ နာရီ |
| ၁၂-၁၂-၁၃ | လာအို - မလေးရှား | ၄ နာရီ |
| ၁၃-၁၂-၁၃ | ဖိလစ်ပိုင် - ဗီယက်နမ် | ၄ နာရီ |
| | မြန်မာ - အင်ဒိုနီးရှား | ၆း၄၅ နာရီ |
| ၁၄-၁၂-၁၃ | မလေးရှား - ထိုင်း | ၄ နာရီ |
| ၁၅-၁၂-၁၃ | ဖိလစ်ပိုင် - အင်ဒိုနီးရှား | ၄ နာရီ |
| | မြန်မာ - ဗီယက်နမ် | ၆း၄၅ နာရီ |
| ၁၆-၁၂-၁၃ | ထိုင်း - လာအို | ၄ နာရီ |

# မိုဇမ်ဘစ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပျောက်ဆုံး

မာပူတို နိုဝင်ဘာ ၃၀

**မိုဇမ်ဘစ်နိုင်ငံမှ အင်ဂိုလာနိုင်ငံသို့ ဦးတည်ပျံသန်းသော မိုဇမ်ဘစ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း နိုဝင်ဘာ ၂၉ ရက်က ပျံသန်းလာရာ လမ်းကြောင်း၌ ပျောက်ဆုံးသွားကြောင်း၊ လေယာဉ်ပေါ်တွင် ခရီးသည် ၂၈ဦးနှင့် လေယာဉ်အမှုထမ်း ခြောက်ဦးလိုက်ပါလာကြောင်း လေကြောင်းလိုင်းက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။**

တီအမ် ၄၇၀ အမျိုးအစားလေယာဉ်က မာပူတိုမြို့လေဆိပ်မှ ထွက်ခွာလာပြီးနောက်အင်ဂိုလာနိုင်ငံ မြို့တော်ရဝမ်ဒါတွင် ဆင်းသက်ရန်ဖြစ်ကြောင်း၊ သို့ရာတွင် လေယာဉ် ရောက်ရှိလာခြင်းမရှိကြောင်း လေကြောင်းလိုင်းမှ ကြေညာချက် ထုတ်ပြန်သည်။

**ဆင်းသက်ခဲ့ဖွယ်**

အသေးစိတ် စုံစမ်းသိရှိရသော သတင်းတွင် ဘော့ဆွာနာနှင့် အန်ဂိုလာ နယ်စပ် နမီးဘီးယားနိုင်ငံမြောက်ပိုင်း ရန်းဒူတွင် ဆင်းသက်ခဲ့ဖွယ်ရှိသည်ဟု ဖော်ပြထားသည်။ နောက်ဆုံးအဆက်အသွယ်ရရှိခဲ့ခြင်းမှာ နမီးဘီးယားနိုင်ငံ မြောက်ပိုင်းမှ ဖြစ်ကြောင်း တာဝန်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းလေယာဉ်ပေါ်တွင် လိုက်ပါလာသူများမှာ မည်သည့်နိုင်ငံသားများဖြစ်ကြသည်ကို အတည်မပြုနိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေချိန်ဖြစ်၍ ရှာဖွေရေးပြုလုပ်ရန် မလွယ်ကူကြောင်း သတင်းတွင် ဖော်ပြသည်။

**အင်တာနက်။**

# အီရတ်နိုင်ငံ မြို့တော်တွင် ကားဗုံးပေါက်ကွဲ၊ လူလေးဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၃၀**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် တောင်ပိုင်းရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခုအနီးတွင် ကားဗုံးတစ်လုံး ပေါက်ကွဲရာ လူလေးဦးထက်မနည်း သေဆုံးကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပုံမှန်ခရီးဝေး အလုပ်ဆင်းသူများ ဘတ်စ်ကားစောင့်ဆိုင်းနေစဉ် ကားဗုံးပေါက်ကွဲခြင်းဖြစ်ရာ လူလေးဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦးခန့် ဒဏ်ရာရရှိကြောင်း၊ နီးစပ်ရာ ဆေးရုံသို့ ဆေးဝါးကုသရန် တင်ပို့လိုက်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံတစ်ဝန်းတွင်အကြမ်းဖက်လုပ်ရပ်များ တစ်နေ့တခြားဆိုးရွားလျက်ရှိရာ နိုဝင်ဘာ ၂၉ရက်က အကြမ်းဖက်ခံရ၍ ၄၁ဦး သေဆုံးကာ ၂၂ဦး ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ။**



ဘဂ္ဂဒက်မြို့ တောင်ဘက် ဘတ်စ်ကားမှတ်တိုင်တစ်ခုအနီး၌ ဖြစ်ပွားသော အသေခံဗုံးဖောက်ခွဲမှုအပြီး တွေ့ရစဉ်။



အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်းနှင့် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် နာဝပ်ရှုရစ်ဖ်တို့အား တွေ့ရစဉ်။

# စကော့တလန်တွင် ပျော်ပွဲစားရုံပေါ် ရဲရဟတ်ယာဉ်တစ်စင်း ပျက်ကျ

ဂလပ်(စ်)ဂို နိုဝင်ဘာ ၃၀

**စကော့တလန် ဂလပ်(စ်)ဂိုမြို့တွင် လူစည်ကားလျက်ရှိသော ပျော်ပွဲစားရုံအပေါ်သို့ ရဲရဟတ်ယာဉ်တစ်စင်းပျက်ကျရာ အနည်းဆုံးတစ်ဦးသေဆုံးကြောင်း၊ သေဆုံးသူအရေအတွက်ပိုမိုများပြားလာမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။**

အထူးရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ပျော်ပွဲစားရုံ အပျက်အစီးများအတွင်း ဆက်လက်ရှာဖွေလျက်ရှိပြီး ဒဏ်ရာရရှိသူ ၃၂ ဦးကို ဆေးရုံသို့တင်ပို့ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

**သုံးဦးလိုက်ပါ**

ရဟတ်ယာဉ်ပေါ်တွင် ရဲအရာရှိနှစ်ဦးနှင့် အရပ်သားရဟတ်ယာဉ်မှူးတစ်ဦး စုစုပေါင်းသုံးဦးလိုက်ပါလာခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဟတ်ယာဉ်သည် သောကြာနေ့ည ၁၀ နာရီ ၂၅ မိနစ်တွင် ပျော်ပွဲစားရုံ၏ အမိုးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

တာဝန်ရှိသူတစ်ဦးက တစ်ဦးသေဆုံးကြောင်း အတည်ပြုပြီး သေဆုံးသူအရေအတွက် ပိုမိုလာဖွယ်ရှိသည်ဟု ပြောကြားသည်။

စကော့တလန် ပထမဝန်ကြီး အဲလက်စ်ဆော်မွန်က သတင်းစာရှင်းလင်းပွဲကျင်းပရာတွင် စကော့တလန်အတွက် ကံဆိုးမိုးမှောင်ကျသည့်နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ဘီဘီစီ/စီအန်အန်။**



# အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် ဆွေးနွေးရန် ပါကစ္စတန်ဝန်ကြီးချုပ် ကဘူးမြို့တော်သို့ ရောက်ရှိ

ကဘူး နိုဝင်ဘာ ၃၀

**ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် နာဝပ်ရှုရစ်ဖ်သည် အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံဆွေးနွေးမှုများပြုရန်အတွက် ယနေ့တွင် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်သို့ရောက်ရှိလာကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံဆွေးနွေးမှုသည် အာဖဂန်နစ္စတန်နိုင်ငံမှ နေတိုးဦးဆောင်သောတပ်ဖွဲ့များ လာမည့်နှစ်တွင် မရုပ်သိမ်းမီ အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အရေးပါသော သက်ရောက်မှုများ ဖြစ်ပေါ်စေမည်ဟု ဆိုသည်။ ပါကစ္စတန်နိုင်ငံသည် တာလီဘန်အဖွဲ့အပေါ် ဩဇာသက်ရောက်မှုကြီးမားစွာရှိသော နိုင်ငံအဖြစ် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပြောကြားခဲ့ပြီး အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ပါကစ္စတန်အစိုးရ ပါဝင်လုပ်ဆောင်မှုကို လိုလားကြောင်း ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အတွင်းရှိ တာလီဘန်အဖွဲ့၏ လှုပ်ရှားတိုက်ခိုက်မှုများသည် ပါကစ္စတန်နိုင်ငံအတွင်းရှိ အခြေစိုက်စခန်းများမှ လုပ်ဆောင်နေသည်ဟု ယုံကြည်ရဖွယ်ရှိနေသည်။

ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့အစည်းသည် အာဖဂန်နိုင်ငံတွင်းရှိ တာလီဘန်လှုပ်ရှားမှုများအား ကျောထောက်နောက်ခံပြုနေသည်ဟု စွပ်စွဲခံနေရသော်လည်း ယင်းအဖွဲ့အစည်းကမူ ၎င်းတို့ပါဝင်ပတ်သက်မှုမရှိကြောင်းအစဉ်တစိုက်ငြင်းဆိုခဲ့သည်။

အာဖဂန်နှင့် ပါကစ္စတန်နှစ်နိုင်ငံခေါင်းဆောင်များက အာဖဂန်နစ္စတန်နိုင်ငံအတွင်း တည်ငြိမ်မှုနှင့်ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကြမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာမစ်အာမက် ချောင်ဒူရီကပြောကြားသည်။ **ဘီဘီစီ။**

# မြောက်ကိုရီးယား၌ ဖမ်းဆီးထိန်းသိမ်းခံရသော အမေရိကန်နိုင်ငံသား ရာဇဝတ်မှု ကျူးလွန်ကြောင်း ဝန်ခံ

**ပြုံယမ်း နိုဝင်ဘာ ၃၀**



မြောက်ကိုရီးယားနိုင်ငံ၌ တစ်လကျော်ကြာ ဖမ်းဆီးခြင်းခံနေရသော အမေရိကန်နိုင်ငံသားတစ်ဦးက ယင်းနိုင်ငံအပေါ် ဖျောက်ဖျက်၍ မရနိုင်သော ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု နိုင်ငံပိုင် မီဒီယာများက စနေနေ့တွင် ဖော်ပြသည်။

ကိုရီးယားစစ်ပွဲ (၁၉၅၀-၅၃) ကာလအတွင်း၌ မစ္စတာ နယူးမင်းသည် မြောက်ကိုရီးယားစစ်သားများနှင့် အရပ်သားများကို သေမိန့်ပေးခဲ့ကြောင်း နိုင်ငံပိုင် ကေစီအန်အေသတင်းဌာနက ပြောကြားသည်။

မစ္စတာ နယူးမင်း၏ တောင်းပန်သည့် ကြေညာချက်ကိုလည်း ဖော်ပြသည်။

ယခုအခါ အသက် (၈၅)နှစ်ရှိပြီဖြစ်သော မစ္စတာ နယူးမင်းသည် ကိုရီးယားစစ်ပွဲအတွင်း၌ တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော်လည်း ၎င်း၏ မိသားစုက လူမှားယွင်းခြင်းသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မစ္စတာနယူးမင်း၏ ဝန်ခံချက်သည် မြောက်ကိုရီးယားက ၎င်းအားတရားရုံး၌ တရားစွဲဆိုခြင်း မပြုဘဲ ပြန်လွှတ်ပေးစေနိုင်သည်ဟု လေ့လာသူအချို့က ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ် ပါလိုအဲလ်တိုမှ အငြိမ်းစား မစ္စတာနယူးမင်းသည် မြောက်ကိုရီးယားသို့ ကမ္ဘာလှည့်ခရီးသည်အဖြစ် ၁၀ရက်ကြာ လည်ပတ်ပြီးနောက် အောက်တိုဘာ ၂၆ ရက် လေယာဉ် ထွက်ခွာနီးဆဲဆဲတွင် ခေါ်ဆောင်သွားခြင်းခံရပြီး အထိန်းသိမ်းခံရခြင်းဖြစ်သည်။

မစ္စတာ နယူးမင်းတောင်းပန်စာဖတ်ကြားနေပုံကို နိုဝင်ဘာ ၉ရက် ရက်စွဲဖြင့် မြောက်ကိုရီးယားအာဏာပိုင်များက ဗွီဒီယိုရိုက်ကူးထုတ်လွှင့်ခဲ့သည်။ **ဘီဘီစီ။**





# နန်ချိုရေအားလျှပ်စစ်စီမံကိန်းအား ဒုတိယဝန်ကြီးစစ်ဆေး

**နေပြည်တော်　　နိုဝင်ဘာ　　၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးသည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ၌ တည်ဆောက်လျက်ရှိသည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ပြီး ရေထိန်းတမံအတွင်း ရေဝင်ရောက်မှုနှင့် ရေယူအဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ ရေသွယ်ပိုက်လိုင်းဆောင်ရွက်ပြီးစီးမှု၊ ရေထိန်းကန်အတွင်း ရေထိန်းသိမ်းထားရှိမှု၊ ရေထိန်းကန်ရေပိုလွှဲမှ ရေလျှံကျနေမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု၊ ဖိအားမြင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းနှင့် Switch Yard တည်ဆောက်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ၌ ဓာတ်အားပေးစက်များမောင်းနှင်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်း၌ ဓာတ်အားကွန်ရက်သို့ ဓာတ်အားပို့လွှတ်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီး၌ လမ်းများနှင့် တံတားတည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် နိုဝင်ဘာ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး သရက်-မင်းတုန်းလမ်းရှိ စံပြတံတား၊ ယောတံတား၊ ဝါဒိုင်တံတား၊ ကမန်းတံတားနှင့် ပွင့်ဖြူမြို့နယ် ဦးရင်ကြစ်-ကုန်းစောင်း-သန်ကိုင်းလမ်းရှိ ရွာခိုင်တံတားများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီတွင် ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းရှိ ဂုံညင်းပင်ရိုးတံတားတည်ဆောက်ရေးလုပ်ငန်း အင်ဂျင်နီယာ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သူတို့က တံတားဆိုင်ရာ အချက်အလက်များ၊ စီမံနှင့် တကွ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

လမ်းသားချဲ့ထွင်ခြင်းလုပ်ငန်းများ၊ လမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းရှိ တံတားအမှတ်(၁/၅၆) တည်ဆောက်ရေးလုပ်ငန်းခွင် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းရှိ ဂုံတိုတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် ပြောကြားခဲ့သည့်မိန့်ခွန်းများစာအုပ် ထွက်ရှိ မြန်မာ့နိုင်ငံရေးစိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်

ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ တာဝန်ယူပြီးနောက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအတွင်း ပြောကြားခဲ့သည့်မိန့်ခွန်းများကို စုစည်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အဖြစ်စီစဉ်၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် နိုင်ငံတော်သမ္မတ၏ ပြည်တွင်းပြည်ပခရီးစဉ်များ၊ လူထုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲများ၊ မိဘပြည်သူများထံ တင်ပြသည့် ရေဒီယိုမိန့်ခွန်းများ အပါအဝင် ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်အတွင်း ပြောကြားခဲ့သော မိန့်ခွန်းနှင့်အမှာစကား စုစုပေါင်း ၄၀ ကို စုစည်းထားခြင်းဖြစ်သည်။

**ထည့်သွင်းဖော်ပြ**

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင်ပြောကြားသော နိုင်ငံတော်သမ္မတ၏ ရေဒီယိုမိန့်ခွန်းပါ ကောက်နုတ်ချက်ကိုဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် မိဘပြည်သူများအပေါ်ထားရှိသော စိတ်နေသဘောထားတို့ကို ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည် -

**"ကျွန်တော့်အနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးရအောင်၊ ဆင်းရဲနွမ်းပါးမှု လျှော့ကျပြီး စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"**

မိန့်ခွန်းနှင့် အမှာစကားတစ်ခုချင်းစီအလိုက် မှတ်တမ်းဓာတ်ပုံများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများကို အမှတ်တရ စုစည်းထားလိုသူများနှင့် မြန်မာ့နိုင်ငံရေး၏ ဒီမိုကရေစီလမ်းကြောင်း အချိုးအကွေ့ကို စိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာမျက်နှာ(၂၆၈) မျက်နှာပါရှိသော အဆိုပါစာအုပ်ကို မျက်နှာဖုံး ဒီဇိုင်းမြင့်မောင်ကျော် ရေးဆွဲ၍ ရွှေထီးပုံနှိပ်တိုက်တွင် ရိုက်နှိပ်ကာ တစ်အုပ်လျှင် ရောင်းဈေး ကျပ် ၃၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

**အင်္ဂလိပ်ဘာသာဖြင့်လည်း ထုတ်ဝေမည်**

အဆိုပါစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် မကြာမီ ဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



**ဆက်သွယ်ဝယ်ယူနိုင်**

* စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်။ ဖုန်း ၀၆၇-၄၁၄၆၈၁
* စာပေဗိမာန်စာအုပ်ဆိုင် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၉၀၃၁
* စာပေဗိမာန်စာအုပ်ဆိုင် (၈၆) လမ်း (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့။ ဖုန်း ၀၂-၆၂၉၂၅၊ ၆၂၉၃၁
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် (၁၇၃-၁၇၅)ပန်းဆိုးတန်းလမ်း (အလယ်လမ်း) ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၁၀၀၂၇၄
* အင်းဝစာအုပ်ဆိုင်၊ အမှတ်(၂၀၁/ ၃၀၁) ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈
* **Tab Book Centre**၊ တော်ဝင်စင်တာ၊ ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့။ ဖုန်း ၀၁-၈၆၀၀၄၃
* ထွန်းဦးစာပေဖြန့်ချိရေး အမှတ် (၁၀၁)၊ (၈၄) လမ်း၊ (၂၉) လမ်း နှင့် လမ်း (၃၀) ကြား မန္တလေး။ ဖုန်း ၀၁-၃၉၈၀၀၊ ၇၂၅၁၈
* နဂါးစာပေ အမှတ် (၂၉/ခ)၊ ၈၃ လမ်း၊ ၂၉ လမ်းနှင့် လမ်း (၃၀) ကြား မန္တလေး။

**မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**




## Job Vacancies in Logistics Sector

**Reputed Freight Forwarding Company Seeks a Following in Yangon.**

**A. Operation Executive (Air)**
* Required with 3 years experience both Air Export and imports.
* Candidate Should have very good relationship with airlines Ground handling agent, Customs and relevant authorities for required formalities.
* Also having DGR license will be an advantage.
* Candidate should have a very good knowledge of Air Export rates, Import rates& related charges etc.
* He /She should be able to communicate with our overseas Agents in English very efficiently.

**B. Operation Executive(Sea)**
* Required with 3 years experience both Sea export and imports.
* Candidate should have very good relationship with Shipping lines,Customs and port Authorities etc.
* Candidate should have a very good knowledge of Sea Export rates, Import rates& related charges etc.
* He/She Should be able to communicate with our overseas Agent in English very efficiently.

**C. Sales Manager**
* Required with five years' experience in a reputed freight forwarding company in the same category and should be able to communicate in fluent English.
* Should have a knowledge of sales summary reports to our head offices & other related reports to the overseas agents.
* Qualification S:Bachelor Degree, MBA or equivalent qualification.
* Knowledge of other foreign Languages would be an advantage.

**D. Office Staff**
* Any graduate and fluent in English and Myanmar.
* Good Computer Skill and Email/Internet
* At least 2 to 3yesrs experience.
* Communicate should be in English...Liaise with hotels,Airlines, Govt Authorities, Shipping Lines etc.

If interested you could forward your CV with two (02)none-related references.

You may email within 7 days with the covering letter addreess to the Administration Manager.

**E-Mail:super.bean.sb@gmail.com fax:01-401296**

# ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း

## (Comprehensive Education Sector Review-CESR)

**(နိုဝင်ဘာ ၂၄ ရက်မှ အဆက်)**

### ကျောင်းပြင်ပ ပညာရေးလေ့လာဆန်းစစ်ခြင်း

ကျောင်းပြင်ပပညာရေးအား လေ့လာဆန်းစစ်ခြင်း၏ အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များမှာ (က)မြန်မာနိုင်ငံတွင် ကျောင်းပြင်ပပညာရေးကိုလုပ်ဆောင်ရန် လမ်းညွှန်ချက်များရှိသော်လည်း တိကျသောမူဝါဒချမှတ်ထားခြင်းမရှိသေးသဖြင့် စီမံချက်များထိရောက်အောင် ဆောင်ရွက်ရန်မလွယ်ကူသေးခြင်း၊ (ခ)၂၀၀၉-၂၀၁၀ ပညာသင်နှစ်စာရင်းအရ အသားတင်ကျောင်းနေနှုန်းမှာ မူလတန်းဆင့်တွင် ၈၄ ဒသမ ၁၃ ရာခိုင်နှုန်း၊ အလယ်တန်းဆင့်တွင် ၄၅ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် အထက်တန်းဆင့်တွင် ၃၁ ဒသမ ၆ ရာခိုင်နှုန်း၊ ကျောင်းထွက်နှုန်းမှာ မူလတန်းဆင့်တွင် ၁၀ ဒသမ ၅၂ ရာခိုင်နှုန်း၊ အလယ်တန်းဆင့်တွင် ၁၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် အထက်တန်းဆင့်တွင် ၃၅ ဒသမ ၀၇ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းရရှိခြင်း၊ကျေးလက်တွင်မြို့ပြထက် ကျောင်းထွက်နှုန်းများနေပြီး အသားတင်ကျောင်းနေနှုန်း နည်းနေကြောင်းတွေ့ရခြင်း၊ (ဂ)ကျောင်းပြင်ပပညာရေးလုပ်ငန်းကို ဌာနစုတစ်ခုရှိ ဝန်ထမ်းဦးရေ ငါးဦးဖြင့်သာ လုပ်ကိုင်နေရသဖြင့် ရင်းမြစ်(အချိန်၊ လူ၊ ပစ္စည်း၊ ငွေ)များ လုံလောက်မှုမရှိဘဲ ရပ်ရွာပညာပဒေသာဌာနများတွင် စဉ်ဆက်ပညာရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်အခက်အခဲရှိခြင်း၊ (ဃ)ကျောင်းပြင်ပ ပညာရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ စနစ်တကျပြုစုထိန်းသိမ်းထားခြင်းမရှိသောကြောင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းဆိုင်ရာ၏ ဆောင်ရွက်ချက်များကို ဆန်းစစ်လေ့လာရန်နှင့် စီမံချက်ဆက်လက်ရေးဆွဲရန် အခက်အခဲရှိခြင်း၊ (င)စာတတ်မြောက်သူဟူသော ဝေါဟာရ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို တရားဝင်ပြဋ္ဌာန်းထားမှုမရှိသေးခြင်း၊ (စ)အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကွန်ရက်ဖွဲ့စည်းပြီး အချင်းချင်းပူးပေါင်းဆွေးနွေးညှိနှိုင်းကူညီမှုများမရှိသဖြင့် နည်းပညာဖလှယ်နိုင်ခြင်း၊ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်းတို့ လုပ်ဆောင်နိုင်မှုအားနည်းခြင်း၊ (ဆ) ရွှေ့ပြောင်းမိသားစုမှ ကလေးများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ဒေသမှ ကလေးများနှင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသမှကလေးများ၏ပညာရေးအတွက် သင်ကြားနိုင်မည့်အခွင့်အလမ်းနည်းပါးလာခြင်း၊ (ဥပမာ-ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်)၊ (ဇ)မြန်မာနိုင်ငံတွင် ဆင်းရဲမှုရာခိုင်နှုန်း ၃၂ ရာခိုင်နှုန်းရှိရာ ၎င်းကိုလျှော့ချရန် ဆင်းရဲမှုလျှော့ချရေးအစီအစဉ် (၈)ရပ်ကို နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်တွင်တွေ့ရခြင်းတို့ဖြစ်ပါသည်။

ဦးစားပေးဆောင်ရွက်ရန်ထောက်ခံအကြံပြုချက်များမှာ (က)ကျောင်းပြင်ပပညာရေးဆိုင်ရာမူဝါဒတွင်ထည့်သွင်းသင့်သောအချက်များကို ပညာရေးပညာရှင်များထံမှ သဘောထားတောင်းခံပြီးစိစစ်၍ မူဝါဒများရေးဆွဲရန်၊ (ခ) ကျောင်း ပြင်ပပညာရေးတန်းညှိအစီအစဉ် (Equivalency Programmes-EP)ကို နိုင်ငံတော်အဆင့် ပညာရေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ရန်နှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်နေသောအဖွဲ့အစည်း အားလုံးနှင့် တွေ့ဆုံဆွေးနွေးရန်၊ ကျောင်းပြင်ပရောက်ကလေးများအတွက် သက်မွေးပညာရပ်များ သင်ကြားခွင့်ရရှိရေးကိုစီစဉ်ပေးရန်၊ (ဂ)ကျောင်းပြင်ပ ပညာရေးအတွက် ဦးစီးဌာနဖွဲ့စည်းရန်၊ ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကို လျာထားသတ်မှတ်ရန်၊ ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို ကျောင်းပြင်ပပညာရေးအစီအစဉ်များဖြင့် ပြန်လည်လုပ်ဆောင်ရန်၊ (ဃ)သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်ကို စနစ်တကျအသုံးပြုနိုင်ရန် ဝန်ထမ်းများအား စတင်သင်တန်းများပေးရန်၊ မြန်မာနိုင်ငံသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (Myanmar Information Management Unit-MIMU)နှင့် ဆက်သွယ်ဆွေးနွေးရန်၊ (င) စာတတ်မြောက်သူဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို ပညာရေး ပညာရှင်များက အဓိပ္ပာယ်သတ်မှတ်ချက်များ ဖွင့်ဆိုသတ်မှတ်ပြီး အသင့်တော်ဆုံးသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆုံးဖြတ်ရွေးချယ်ရန်၊ (စ) ကျောင်းပြင်ပပညာရေးလုပ်ငန်း လုပ်ဆောင်သောအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံး ကွန်ရက်ဖွဲ့ဆောင်ရွက်ရန်၊ (ဆ) ကျောင်းပြင်ပရွေ့လျားကျောင်းများ(Mobile Schools)ကို ဖွင့်လှစ်ပေးရန်၊ (ဇ) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအစီအစဉ်များနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို ဖော်ထုတ်ချမှတ်ရန်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးအဆင့်(၂)တွင် ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများမှာ (က) မူဝါဒနှင့်အတူ မူဝါဒကို အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစီမံကိန်းများကို ရေးဆွဲရန်၊ (ခ) ကျောင်းပြင်ပ ပညာရေးအတွက် ဦးစီးဌာနဖွဲ့စည်းရန်၊ ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကို လျာထားသတ်မှတ်ရန်၊ (ဂ) လက်ရှိ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ဆန်းစစ်လေ့လာရန်နှင့် ၎င်းကို နိုင်ငံတော်အသိအမှတ်ပြု တန်းညှိအစီအစဉ်အဖြစ် သတ်မှတ်၍ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်အတွက် တန်းညှိခြင်းဆိုင်ရာ မူဘောင်ကို သတ်မှတ်ရန်၊ (ဃ) သက်မွေးပညာတန်းညှိအစီအစဉ်(Vocatinal Equivalency Program)ဆိုင်ရာ မူဘောင်ကို သတ်မှတ်ရန်၊ (င) ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်(Non Fornal Middle School Education-NFME)အတွက် တန်းညှိအစီအစဉ်ဆိုင်ရာ မူဘောင်ကို ဖော်ထုတ်ရန်၊ (စ) အဖွဲ့အစည်းအသီးသီးက လုပ်ဆောင်နေသော အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအခြေအနေကို ဆက်လက်လေ့လာ၍ ရပ်ရွာပညာပဒေသာဌာနများတွင် လုပ်ဆောင်နိုင်မည့် လုပ်ငန်းများကို အသေးစိတ်ဖော်ထုတ်ရန်၊ (ဆ) ဖွင့်လှစ်ပြီးဖြစ်သော ရပ်ရွာပညာပဒေသာဌာနအချို့မှ ဆက်လက်လုပ်ဆောင်နေသော ဒေသရှိဒေသခံလူထု၏ လုပ်ဆောင်ချက်များကို လေ့လာရန်၊ (ဇ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ပါးပပျောက်ရေးအစီအစဉ်များနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ဖော်ထုတ်ရန်၊ (ဈ) ကျောင်းပြင်ပပညာရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အားလုံးပါဝင်သည့်ကွန်ရက်ဖွဲ့စည်း၍ ကျောင်းပြင်ပပညာရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းမော်ဂျူးများကို ညှိနှိုင်းဖော်ထုတ်ခြင်း၊ (ည) ကျောင်းပြင်ပရောက်ကလေးများအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ အလှူရှင်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်အမျိုးမျိုးကို ရေးဆွဲတင်ပြရန်တို့ဖြစ်ပါသည်။

## မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန

### ဆရာအတတ်ပညာရေးအား လေ့လာဆန်းစစ်ခြင်း

ဆရာအတတ်ပညာရေးအား လေ့လာဆန်းစစ်ခြင်း၏ အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များမှာ (က) ဆရာတစ်ဦးတွင်ရှိရမည့် တတ်ကျွမ်းမှုများ(Teacher Competency)ကို တိကျစွာ သတ်မှတ်သုံးစွဲမှုမရှိခြင်း၊ ဆရာအတတ်ပညာရေးသင်ရိုးညွှန်းတမ်းများသည် တတ်ကျွမ်းမှုအခြေပြုမဖြစ်ခြင်း၊ (ခ) ပညာရေးကောလိပ်များသည် တစ်နှစ်လျှင် Semester သုံးခုဖြင့် သင်တန်းအမျိုးအစားသုံးမျိုးကို ဆက်တိုက်သင်ကြားနေရခြင်းကြောင့် ဆရာအတတ်ပညာရေးအရည်အချင်းပြည့်မီစွာ သင်ကြားနိုင်ရန် အချိန်လုံလောက်စွာမရရှိနိုင်ခြင်းနှင့် သင်ကြားသောအကြောင်းအရာများသည် ဆရာတစ်ဦးအတွက် အထူးပြု၍လေ့လာသောနယ်ပယ်များမပါဝင်ဘဲ ယေဘုယျဖြစ်လွန်းခြင်း၊ (ဂ) ဆရာဆရာမများအား မူလတန်းပြမှ အလယ်တန်းပြ၊ အလယ်တန်းပြမှ အထက်တန်းပြသို့ အဆင့်ဆင့် ရာထူးတိုးမြှင့်မှုစနစ်ကြောင့် မူလတန်းအဆင့်ပညာရေးတွင် လုပ်သက်ရင့်ပြီး အတွေ့အကြုံများသည့် အရည်အသွေးရှိ ဆရာ ဆရာမများ လျော့နည်းနေခြင်း၊ (ဃ) ဆရာအတတ်ပညာဌာနများကို နိုင်ငံတကာ အဆင့်မြှင့်တင်မည်ဆိုပါက ဆရာအတတ်ပညာဌာနများမှ ဆရာ ဆရာမများ၏ အရည်အသွေးကို တိုးမြှင့်ရန်လိုအပ်ခြင်း၊ လမ်းညွှန်မှုရရှိသောအခါဖြစ်စေ၊ သင်ရိုးညွှန်းတမ်းပြောင်းလဲသည့်အခါ ဖြစ်စေ စီမံချက်လုပ်ဆောင်နေချိန်အတွင်း၌သာ လုပ်ငန်းခွင်သင်တန်းများ၊ ဘာသာရပ်ကျွမ်းကျင်မှုဆိုင်ရာ မွမ်းမံသင်တန်းများရှိခြင်း၊ (င) ၁၉၇၃ ခုနှစ် အခြေခံပညာရေးဥပဒေ၌ဖော်ပြပါရှိသော ဆရာအတတ်ပညာကြီးကြပ်ရေးကော်မတီ(Teacher Education Supervisory Committee) ၏ဖွဲ့စည်းပုံသည် လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေမှုမရှိတော့ခြင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု အထူးသဖြင့် ဆရာအတတ်ပညာအရည်အသွေးကြီးကြပ်ကွပ်ကဲရေးနှင့်စပ်လျဉ်း၍ အားနည်းလျက်ရှိခြင်း၊ (စ) ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ နှစ်(၃၀) နှစ်ရှည်စီမံကိန်းနှင့် သက်ဆိုင်ရာဦးစီးဌာနအလိုက် အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်စာများကို ပညာရေးဆိုင်ရာမူဝါဒအဖြစ်ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း တိတိကျကျလိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် ဖော်ပြထားမှုအားနည်းခြင်း၊ မှတ်တမ်းတင်ထားသော မူဝါဒများအဖြစ် သီးခြားမရှိခြင်းတို့ကို လေ့လာဆန်းစစ်တွေ့ရှိရပါသည်။

ဦးစားပေးဆောင်ရွက်ရန်ထောက်ခံအကြံပြုချက်များမှာ (က) နိုင်ငံတော်အဆင့် ဆရာ ဆရာမများ တတ်ကျွမ်းမှုအညွှန်းဘောင်(Teacher Competency Framework) တစ်ခုကို လက်ရှိမူကြမ်းအား ကိုးကား၍ အဆင့်လိုက်ရေးဆွဲရန်နှင့် တတ်ကျွမ်းမှုအခြေပြု၊ ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းများအဖြစ် ပြန်လည်ရေးဆွဲရန်၊ (ခ) ပညာရေးကောလိပ်တွင် တစ်နှစ်လျှင် ပညာသင်နှစ်ဝက် Semester နှစ်ခုသာသင်ကြားနိုင်ရေးအတွက် သင်တန်းအစီအစဉ်များကို ပြန်လည်ပြင်ဆင်ပြီး ဆရာအတတ်ပညာရေးကို အောက်ဖော်ပြပါနည်းလမ်းများဖြင့် ပြန်လည်ပြင်ဆင်သင့်ပါသည်။ **လမ်းသွယ်(၁)။** လက်ရှိပညာရေး ကောလိပ်နှစ်နှစ်သင်တန်းများကို မူကြို၊ မူလတန်း၊ အလယ်တန်း စသည်ဖြင့် အထူးပြု၍ သင်ကြားသော လေးနှစ်ဘွဲ့သင်တန်းများအဖြစ် အဆင့်တိုးမြှင့်ရန်၊ **လမ်းသွယ် (၂)။** ပညာရေးကောလိပ်နှစ်နှစ်သင်တန်းပြီးဆုံးပြီးနောက် လုပ်ငန်းခွင်ဝင်ပြီး အချိန်ကာလတစ်ခုအတွင်း လုပ်ငန်းအတွေ့အကြုံရယူပြီးနောက် ကျန်နှစ်နှစ်ကို အထူးပြုတစ်ခုခုဖြင့် ပညာရေးကောလိပ်တွင် အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ၊ အဝေးသင်(စာပေးစာယူ)နည်းလမ်းဖြင့်ဖြစ်စေ ဆက်လက်သင်ယူ၍ဘွဲ့ပေးရန်၊ **လမ်းသွယ်(၃)** ။ဝိဇ္ဇာ သို့မဟုတ် သိပ္ပံဘွဲ့တစ်ခုခုရပြီးသူဖြစ်ပါက မူကြို၊ မူလတန်း၊ အလယ်တန်းစသည်ဖြင့် နှစ်သက်ရာတစ်ခုခုကိုအထူးပြု၍ ပညာရေးကောလိပ်တွင် တစ်နှစ်တက်ရောက်ပြီး ပညာရေးဆိုင်ရာဘွဲ့ပေးရန်၊ (ဂ) မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တစ်ခုစီအတွင်း သင်ကြားရေးဆိုင်ရာဘွဲ့ (Qualification)၊ ဆရာအတတ်ပညာကျွမ်းကျင်မှု (Teacher Competency) နှင့် လုပ်သက်အပေါ် မူတည်ပြီး အဆင့်တစ်ခုအတွင်း ပညာရှင် အဆင့်(၁)၊ (၂)၊ (၃) စသည်ဖြင့် ရာထူးတိုးပေးခြင်းစနစ်ကျင့်သုံးရန်၊ (ဃ) မဟာဒသနပညာရေးဘွဲ့ M.Phil (Edu:) သို့မဟုတ် မဟာပညာရေးဘွဲ့အရည်အချင်းစစ် တစ်နှစ်သင်တန်း M.Ed (Qualifying) ကို ပညာရေးကောလိပ် ဆရာ ဆရာမများအား ဝင်ခွင့်စာမေးပွဲမရှိဘဲ တက်ရောက်ခွင့်ပေးရန် သို့မဟုတ် ပညာရေးကောလိပ် ဆရာဆရာမများနှင့် အခြေခံဆရာဆရာမများအတွက် စဉ်ဆက်မပြတ် ဆရာအတတ်ပညာစွမ်းဆောင်ရည်မြင့်မားရေးအစီအစဉ်အဖြစ် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်ဆရာအတတ်သင်တန်းဌာန (in-service teacher education unit) တစ်ခုကို တည်ထောင်ပြီး မော်ဂျူး ( Module) ပုံစံဖြင့် လေ့လာသော လုပ်ငန်းခွင်သင်တန်းများဖန်တီးကာ Credit များသတ်မှတ်၍ ဒီပလိုမာ/ မဟာဘွဲ့သင်တန်းများပေးရန်နှင့်အခြေခံဆရာ ဆရာမများအတွက် ကျောင်းအခြေပြုသင်တန်းများ ဖွင့်လှစ်ပေးရန်၊ လုပ်ငန်းခွင်စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေးအစီအစဉ်များကို Credit သတ်မှတ်ပေးပြီး အသိအမှတ်ပြုမှုလစာ၊ ရာထူးတိုးပေးခြင်း စသည်တို့နှင့်ချိတ်ဆက်ပေးရန်၊ (င) ဆရာအတတ်ပညာအရည်အသွေးထိန်းချုပ်ကွပ်ကဲရန်၊ ဆရာအတတ်ပညာဆိုင်ရာ အသိအမှတ်ပြုမှု၊ ဆရာများအား စီမံခန့်ခွဲမှုတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဆရာ အတတ်ပညာ ကြီးကြပ်ရေးကော်မတီ (Teacher Education Supervisory Committee) ကို သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ဆရာအတတ်ပညာကြီးကြပ်ရေးကောင်စီ ( Teacher Education Council) သို့မဟုတ် ဆရာအတတ်ပညာဦးစီးဌာန(Department of Teacher Education) သို့မဟုတ် ဆရာအတတ်ပညာရေး ဗဟိုဌာန (Centre for Teacher Education) တစ်ခုကို ပညာရေးဝန်ကြီးဌာနအောက်တွင် တည်ထောင်ရန်၊ (စ) တိကျခိုင်မာပြီး ကဏ္ဍလွှမ်းခြုံနိုင်သော ဆရာအတတ်ပညာဆိုင်ရာ မူဝါဒများချမှတ်ပြီး လိုအပ်သောဥပဒေများရေးဆွဲရန်တို့ကို ထောက်ခံအကြံပြုကြပါသည်။

ဆရာအတတ်ပညာရေးအား လေ့လာဆန်းစစ်ခြင်းလုပ်ငန်းတွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများ (က) လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများနှင့် လုပ်ငန်းခွင်ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာသင်တန်းများနှင့်ပတ်သက်သည့် သင်ရိုးညွှန်းတမ်းနှင့် သင်နည်းများအား စနစ်တကျနှင့် အသေးစိတ် ပြန်လည်ဆန်းစစ်ရန်၊ (ခ) ဆရာအတတ်ပညာစဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေးစနစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ (ဂ) ဆရာ ဆရာမများ၏ လစာ၊ ရာထူးတိုးမြှင့်ခြင်းတို့နှင့်စပ်လျဉ်း၍ လက်ရှိမူဝါဒ၊ လမ်းညွှန်ချက်များအား လေ့လာဆန်းစစ်ရန်၊ (ဃ) အချိန်ကာလတစ်ခုဖြင့် သတ်မှတ်ထားသော ဆရာဖြစ်လိုင်စင်စနစ်ထူထောင်ရေး ဖြစ်နိုင်ခြေရှိမှု လေ့လာရန်တို့ကို ဆောင်ရွက်ရန်လျာထားလျက်ရှိကြောင်း တင်ပြအပ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

---

## လူဦးရေနှင့်အိမ်အကြောင်းအရာ ရှင်းလင်းဟောပြော

**ကွတ်ခိုင် နိုဝင်ဘာ ၃၀**

ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ် ရှင်းလင်းဟောပြောပွဲ အခမ်းအနားကျင်းပခဲ့ရာ ကွတ်ခိုင်မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ အတွင်းရေးမှူး မြို့နယ်ဦးစီးဌာနမှူး ဦးမင်းမင်းဇော်၊ မူဆယ်ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ခရိုင်ဦးစီးဌာနမှူး ဦးဝင်းကိုတို့က ပြည်သူများသိသင့်သိထိုက်သည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အကြောင်း ဆွေးနွေးဟောပြောခဲ့ရာ ယင်းအခမ်းအနားသို့ ကွတ်ခိုင်မြို့နယ်နှင့် တာမိုးညဲမြို့နယ်ခွဲတို့မှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၂၁၃ ဦး တက်ရောက်ခဲ့ကြသည်။

**ဇော်လွင်(လားရှိုး)**

---

## ကချင်ပြည်နယ်အတွင်းနယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေများကြောင့် နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပေးလျက်ရှိသော ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးရေးအဖွဲ့သည် လွယ်ဂျယ်၊ လာနာဇွပ်နှင့်ဘုံဇီပါစခန်းမှ နေရပ်စွန့်ခွာအိမ်ထောင်စု ၉၈၆ စု၊ လူဦးရေ ၄၉၇၄ ဦး၊ လိုင်ဇာဒေသရှိ နေရပ်စွန့်ခွာ အိမ်ထောင်စု ၃၀၇၂ စု၊ လူဦးရေ ၁၉၁၄၄ ဦး၊ မိုင်ဂျာယန်ဒေသရှိ နေရပ်စွန့်ခွာ အိမ်ထောင်စု ၁၀၂၅ စု၊ လူဦးရေ ၅၄၆၂ ဦး၊ နယ်ခြားမှတ်တိုင် အမှတ်(၆)၊ (၈) မှ နေရပ်စွန့်ခွာအိမ်ထောင်စု ၃၀၆ စု၊ လူဦးရေ ၁၂၄၄ ဦး စုစုပေါင်းအိမ်ထောင်စု ၅၃၈၉ စု၊ လူဦးရေ ၃၀၈၂၄ ဦးတို့အတွက် ဆန်၊ ဆီ၊ ဆေးနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို နိုဝင်ဘာ ၅ ရက်မှ ၂၄ ရက်အထိ နယ်စပ်ဒေသများရှိ အဆိုပါကယ်ဆယ်ရေးစခန်းများသို့ ကုလသမဂ္ဂယာဉ်တန်းဖြင့် သွားရောက်ထောက်ပံ့ခဲ့ကြောင်း ကချင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဂျပန်အစိုးရအိမ်တော် အထူးဧည့်သည်တော်များ ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စျေးကွက်စီးပွားရေးစနစ် ဆောင်ရွက်နေမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးဆောင်ရွက်နေမှုအခြေအနေများ၊ ODA ရရှိရေး၊ တောင်သူလယ်သမားများအတွက် အတိုးနှုန်းသက်သာသော ချေးငွေများရရှိရေး၊ နည်းပညာ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Liberal Democratic Party ရုံးချုပ်၌ ဂျပန်နိုင်ငံ LDP ပါတီဒုတိယဥက္ကဋ္ဌ Mr. Komura ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် အဖွဲ့သည် ဂျပန်-မြန်မာလွှတ်တော်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon.Mr. Ichiro Aisawa ဦးဆောင်သော ဂျပန်လွှတ်တော်အမတ်များနှင့် ဂျပန်နိုင်ငံလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဂျပန်-မြန်မာ လွှတ်တော်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon. Mr. Ichiro Aisawa က တိုကျိုမြို့ရှိ Capitol Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်ဝေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံသမ္မတ မစ္စတာ ဦ အယ်လီ မာဦးရာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)**

၅း၄၀ "တရားဆောင်သူစိတ်မပူ"တရားတော်
(ယောဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သမီးလေး"(အပိုင်း-၂၈)
၈း၁၅ **Fashion Week**
[**(May Oo Maung (Part-4)**]
၆း၀၅ Sunday Talk
[ဦးမြင့်သူ (တမ္ပဝတီ)၊ မျိုးမြတ်သူ]
၉း၄၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ
"ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၁၁)

## ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီ တွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ၆၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများဖြေကြားခြင်းနှင့် တင်သွင်းထားသော အဆိုကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံကျော် ARRIVAL မှ ရန်ကုန်မြို့၌ ဖျော်ဖြေ ပြည်သူများစိတ်ဝင်တစား လာရောက်အားပေး



**ရန်ကုန် နိုဝင်ဘာ ၃၀**

ဆွီဒင်နိုင်ငံအခြေစိုက် နာမည်ကျော် ARRIVAL အဖွဲ့က ABBA သီချင်းကို သီဆိုဖျော်ဖြေသည့် ပွဲတစ်ရပ်ကို နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီခြေတော်ရင်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် တင်ဆက်ဖျော်ဖြေခဲ့သည်။**(ဝဲပုံ)**

ယင်းဖျော်ဖြေပွဲကို စိတ်ဝင်စားကာကြည့်ရှုချင်သူများရှိကြသော်လည်း လက်မှတ်နှုန်း သတ်မှတ်ချက်ကြောင့် မကြည့်ဖြစ်ဘဲ ပြန်လာခဲ့ရကြောင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်အတွင်းရှိ လူငယ်များထံမှ သိရသည်။

**(ထက်ခိုင်-စမ်းချောင်း)**





## မိုင်းလားမြို့၌ သန်းခေါင်စာရင်းဆိုင်ရာသိကောင်းစရာများအား ဆွေးနွေးရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးအောင်သူ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) မှဌာနေကိုယ်စားလှယ် Ms. Jamet E.Jackson နှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၄ ရက်နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ ရွှေဟသ်ာခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မိုင်းလားဒေသ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့်အဖွဲ့ဝင်များအားတွေ့ဆုံ၍ သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်းလားဒေသတွင် ကောက်ယူမည့် အစီအစဉ်၊ ထိုသို့ကောက်ယူရာတွင် ဒေသခံဘာသာစကားတတ်ကျွမ်းသူများ ပါဝင်ကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ မေးမြန်းမှုများအပေါ် ပြည်သူများ မှန်မှန်ကန်ကန်ဖြေကြားပေးရန် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် ရှင်းလင်းချပြစေလိုသည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားခေါင်းဆောင်ဦးစိုင်းလင်းနှင့် တာဝန်ရှိသူများက မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြပြီး UNFPA မှ ဌာနေကိုယ်စားလှယ် Ms.Jamet E.Jackson က မြန်မာနိုင်ငံ၏ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အပေါ် ကုလသမဂ္ဂနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် မိုင်းလားမြို့ မင်္ဂလာခန်းမ၌ မိုင်းလားဒေသအတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များ၊ မိုင်းလား၊ ဘီလူး၊ နမ့်ပန်မြို့နယ်များရှိ မြို့နယ်ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများအား ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူအများဝိုင်းဝန်းကူညီပေး

# ASEAN စီးပွားရေးအကြံပေးကောင်စီ ဥက္ကဋ္ဌရာထူးလွှဲပြောင်းပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

အာဆီယံအလှည့်ကျ စီးပွားရေး အကြံပေးကောင်စီ ဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင် ဘာ ၂၉ ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ အမျိုးသားစီးမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ၂၀၁၃ ခုနှစ် အာဆီယံ ASEAN-BAC ဥက္ကဋ္ဌ ဘရူနိုင်း နိုင်ငံမှ Ms. Fauziah DSP Talib တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ ဥက္ကဋ္ဌ ရာထူးကို UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၁၃ ခုနှစ် အာဆီယံ ASEAN -BAC ဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံမှ Ms. Fauziah DSP Talib ထံမှ လွှဲပြောင်းရယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်နှင့် ပြင်သစ်သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry Mathou နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့၌ ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်ထိ Women Forum ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနား ဆွေးနွေးမည့် Speakers များနှင့် ခေါင်းစဉ်အကြောင်းအရာများ၊ အုပ်ချုပ်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာယူ-၂၃ အသင်း ဂိုးပြတ်နိုင်

**သတင်း - ချစ်ကိုကို ၊ဓာတ်ပုံ - ရှိုင်းထက်ဇော်**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်းနှင့် MNL ကလပ် ကမ္ဘောဇ အသင်းတို့သည် ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားခဲ့သည်။

**မြန်မာယူ-၂၃ - သုံးဂိုး**
**ကမ္ဘောဇ - ဂိုးမရှိ**

ကျော်ဇေယျာဝင်း၊ ကျော်ကိုကို၊ ဇော်မင်းထွန်းတို့ဖြင့် လူစုံပါဝင်လာသည့် မြန်မာယူ-၂၃ အသင်းမှာ ကမ္ဘောဇ အသင်းကို ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့သည်။ ပွဲအစတွင် ကမ္ဘောဇအသင်း၏ ဖိအားပေးမှုကြောင့် ရုန်းကန်ခဲ့ရသော်လည်း ၄၁ မိနစ်တွင် ကမ္ဘောဇနောက်ခံလူ ဝင်းမင်းထွန်း၏ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ဦးဆောင်ဂိုးရပြီးနောက်ပိုင်း ပွဲကို ဦးဆောင်ကစားသွားခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာယူ-၂၃ အသင်း ပို၍ဖိကစားနိုင်ခဲ့ပြီး ၄၇ မိနစ်တွင် နေလင်းထွန်း၊ ၆၂ မိနစ်တွင် ကျော်ဇေယျာဝင်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူပေးခဲ့သည်။



# စီတန်းလှည့်လည်ခွင့်ကို ခွင့်ပြုချက်တောင်းခံခဲ့သော်လည်း ဘာသာရေးယုံကြည်မှုကို စော်ကားရာရောက်သည့်ဆိုင်းဘုတ်ကို ကိုင်ဆောင်လှည့်လည်ခဲ့သဖြင့် ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၌ စီတန်းလှည့်လည်ခွင့်ကို ခွင့်ပြုချက်တောင်းခံသော်လည်း ခွင့်ပြုချက်တောင်းခံရာတွင် ထည့်သွင်းဖော်ပြတောင်းခံခြင်း မရှိသည့် ဘာသာရေးယုံကြည်မှုကို စော်ကားရာရောက်သော ဆိုင်းဘုတ်ကို ကိုင်ဆောင်လှည့်လည်ခဲ့သဖြင့် ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ OIC အဖွဲ့နှင့် ကိုယ်စားလှယ်များအား လက်မခံနိုင်ကြောင်း ဆန္ဒဖော်ထုတ်ရန် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ပြုရန် ခွင့်ပြုချက်တောင်းခံလာသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံ သဘောထားမှတ်ချက် တင်ပြတောင်းခံပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ခွင့်ပြုသင့်ကြောင်း ပြန်ကြားချက်အရ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းမှ ဆန္ဒဖော်ထုတ်သူများ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် စီတန်းလှည့်လည်ထွက်ခွာရာ၌ ခွင့်ပြုချက်တောင်းခံရာတွင် ထည့်သွင်းဖော်ပြ တောင်းခံခြင်း မရှိသည့် ဘာသာရေးယုံကြည်မှုကို စော်ကားရာရောက်သော ဆိုင်းဘုတ်အား ကိုင်ဆောင်ပြီး လှည့်လည်ခဲ့သည်ကို စိစစ်တွေ့ရှိရသည့်အတွက် ပြုလုပ်သူများအား ဖော်ထုတ်အရေးယူနိုင်ရေး ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်က ဗဟန်းမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**





# နိုင်ငံတော်၏ရတနာ လေဆိပ်ပန်းချီလက်ရာ

## ပန်းချီလှတင်ထွန်း

မကြာမီက ရန်ကုန်လေဆိပ်အဆောက်အအုံဟောင်း ကို ဖျက်သိမ်းပြီး ခေတ်မီလေဆိပ်သစ်ကြီး တည်ဆောက်တော့မည့် သတင်းကောင်းတစ်ခုကြားလိုက်ရာ အတိုင်း မသိ ဝမ်းမြောက်မိပါသည်။ တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှလေဆိပ်များနှင့် ယှဉ်နိုင်ရုံမျှမက ထိုစဉ်က ထိုင်းနိုင်ငံ ဗန်ကောက်လေဆိပ်ဟောင်း ဒွန်မောင်းထက်ပင် သာလွန်လှပကြောင်း၊ ၁၉၇၄ ခုနှစ်က ကျွန်တော်တို့ပြင်သစ်နိုင်ငံမှ အပြန် ဗန်ကောက်သို့ဝင်ရစဉ် ခပ်ချာချာဒွန်မောင်းလေဆိပ်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ဖူးပါသည်။ သို့သော်လည်း ယခုအခါ ပြည်ပခရီးသွားတိုင်း ဖြတ်သွားဖြတ်လာ ဗန်ကောက်သုဝဏ္ဏဘူမိလေဆိပ်သစ်ကြီးသို့ ဝင်ရောက်ခွင့်ရပြန်ရာ ကမ္ဘာ့အဆင့်မီ ကမ္ဘာကျော်လေဆိပ်သစ်ကြီးအဖြစ်တွေ့ရသဖြင့်အံ့သြဘနန်းဖြစ်ခဲ့ရပါသည်။ အနှစ် ၄၀ ကျော်အတွင်း အံ့မခန်းတိုးတက်သွားမှုကို အားကျမိပါသည်။ ထို့ကြောင့် ယခုမှပင် ရန်ကုန်မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး တည်ဆောက်တော့မည့် သတင်းထူးကြီးကို ကြားရရာ ဝမ်းသာပီတိဖြစ်ရပါသည်။

သို့သော် လေဆိပ်ဟောင်းကြီးကို ဖျက်သည့်အခါ လေဆိပ်ဟောင်းကြီးအတွင်းက **မြန်မာနိုင်ငံဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ လေဆိပ်ပန်းချီလက်ရာများ**ပျောက်ပျက်သွားလေမလား ပြေး၍ပူပန်မိပါသည်။ မြန်မာ့ပန်းချီလောက၏ဖခင်ကြီး ပန်းချီဆရာကြီး ဦးဘကြည်၏ လက်ရာမွန်များထိန်းသိမ်းရေးကို တွေးပူမိခြင်းဖြစ်ပါသည်။ ၁၉၅၆ ခုနှစ်က ရန်ကုန်လေဆိပ်ကြီးတည်ဆောက်စဉ်ကပင် နံရံပန်းချီများရေးဆွဲရန် ပန်းချီဆရာကြီး ဦးဘကြည်ကို အပ်နှံခဲ့ရာ စတုရန်းပေ ၃၀၀၀ အကျယ်အဝန်းရှိသော နံရံပန်းချီလက်ရာကို ၁၉၅၇ ခုနှစ်က ဆရာကြီးဦးဘကြည် ရေးဆွဲခဲ့ပါသည်။ ရေးဆွဲသော အကြောင်းအရာမှာ လေဆိပ်နှင့် လိုက်ဖက်သည့် အကြောင်းအရာ **"ပျံသန်းခြင်း" (FLIGHT)** အမည်ရှိ ပန်းချီကားကြီးကို ပြည်ပထွက်ခွာခန်းမတွင် ရေးဆွဲခဲ့ပါသည်။ ဆရာကြီး၏ စိတ်ကူးစိတ်သန်း ဆန်းပြားမှုနှင့် အကြောင်းအရာရှာဖွေမှုနိုင်နင်းပုံတွေ့ရပါသည်။ လေဆိပ်နှင့်လိုက်ဖက်အောင် ပျံသန်းခြင်းဆိုင်ရာ အကြောင်းအရာများကို မြန်မာ့ရိုးရာဒဏ္ဍာရီပုံပြင်လာ ဒွေးမယ်နော်ဇာတ်ထဲမှ ကိန္နရီများ ပျံသန်းနေကြဟန်၊ သူယောင်မယ်များနှင့် ပျော်ပါးနေသော ဇော်ဂျီများပျံသန်းနေဟန်နှင့် နဂါး၊ ဂဠုန်ပုံများ၊ ဆင်ပျံများစသည်တို့ကို သရုပ်ဖော်ထားပါသည်။

လေဆိပ်အပေါ်ထပ် စားသောက်ခန်းမတွင် အိုးစည်အက၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေနံကဏ္ဍ၊ မြေဝိုင်းဇာတ်ပွဲ၊ ရုပ်သေးအက၊ ရိုးရာရက်ကန်းလုပ်ငန်း၊ ပန်းချီ၊ ပန်းပုအနုပညာ အကြောင်းအရာစသည်များကို ပန်းချီကားကြီးတစ်ချပ်တွင် စုပေါင်းဖန်တီးရေးဆွဲခဲ့ပါသည်။ အကြောင်းအရာမျိုးစုံကို တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိအောင် နံရံပန်းချီရေးဆွဲပုံရေးဆွဲနည်းအရ မျက်စိလှည့်စားမှုပညာကိုသုံး၍ သရုပ်ဖော်ထားရာ ဆရာကြီး၏လက်စွမ်းပြလက်ရာများအဖြစ် ကမ္ဘာကျော်ပါသည်။ **"နံရံပေါ်မှာ ရေးဆွဲရခြင်းဖြစ်၍ အလင်းရောင် ဘယ်ကလာသလဲ၊ အရိပ်ဘယ်ဘက်မှာ ကျမလဲ၊ ဂရုစိုက်ရတယ်။ အဆောက်အအုံအနေအထား၊ နံရံအနေအထားတွေကို ဂရုတစိုက်လေ့လာပြီး နံရံပန်းချီရေးနည်းသဘာဝမျက်စိလှည့်စားနိုင်အောင် ပညာကုန်သုံးရတာပေါ့ကွာ"**ဟု ဆရာကြီး ဦးဘကြည်က ကျွန်တော်တို့ကို ပြောပြဖူးပါသည်။

ဆရာရေးဆွဲရသော လေဆိပ်အဆောက်အအုံ နံရံများသည် ညီညာပြန့်ပြူးခြင်းမရှိ။ အချို့နေရာတွင် တိုင်လုံးကြီးများ၊ အချို့နေရာတွင်တိုင်ဖုံးများ၊ အချို့နေရာတွင် ကန့်လန့်ဖြတ်တန်းများ၊ အချို့နေရာတွင် လျှပ်စစ်ကြိုးခလုတ်များ မြှုပ်ထား၍ သံပြားနှင့် ပိတ်ထားသောနေရာများစသည်ဖြင့် မညီမညာဖြစ်နေကြပါသည်။ ထိုနေရာများကို အကြောင်းအရာလိုက် ဇာတ်ရုပ်များနှင့်တစ်သားတည်းဖြစ်အောင် စိတ်ကူးကောင်းကောင်းဖြင့် အကွက်ချပုံဖော်ထားခြင်းဖြစ်ပါသည်။နံရံကြီးမညီမညာဖြစ်ရသည့်အထဲ **လေဆိပ်အဆောက်အအုံပုံစံထုတ်သူ ဗိသုကာ Mr. PIDGEONက ဆရာ့ကို ပညာစမ်းသည့်သဘောဖြင့် နံရံပေါ်တစ်နေရာ တွင် တစ်ပေပတ်လည်အရွယ်နာရီကြီးတစ်လုံး လာတပ် ခဲ့ပါသည်။**

(ဆက်လက်ဖော်ပြပါမည်)

# ရန်ကုန် – သာစည် – ရွှေညောင် – မြင်းခြံ မီးရထားခရီးစဉ် ပြန်လည်ပြေးဆွဲ



**မလှိုင် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ သာစည်ဘူတာယာဒ်ဝင်းအတွင်းတွင် နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်-သာစည်-ရွှေညောင် အမှတ် (၉) အဆန်၊ အမှတ် (၁၀) အစုန်ရထားကို အမှတ် (၄) စကြံ အမှတ် (၅) လမ်းပေါ်တွင် ရွှေညောင်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ သာစည်ဘူတာသည် မြန်မာ့မီးရထား၏ အထင်ကရမီးရထားလမ်းဆုံရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သွားလာနိုင်သော အဓိကအချက်အချာဘူတာဖြစ်သည်။ ရထားပြေးဆွဲနိုင်သည့် လမ်းပိုင်းများမှာ သာစည်မှရန်ကုန်၊ မန္တလေး၊ ရွှေညောင်၊ တောင်ကြီး၊ စိုက်ခေါင်၊ ကျိုင်းတုံ၊ ကယားပြည်နယ် လွိုင်ကော်၊ ပျော်ဘွယ်၊ နတ်မောက်၊ မြင်းခြံ၊ မန္တလေး၊ ဆားခါး၊ ပုဂံ၊ ညောင်ဦး၊ ရန်ကုန်သို့ ပို့ဆောင်ဆက်သွယ်သွားလာနိုင်သည်။ သာစည်ဘူတာကြီးတွင် ဒီဇယ်စက်ရုံ၊ တွဲပြင်ရုံ၊ မီးရထားဆေးရုံ၊ စာပို့ဌာနရုံး၊ ကြေးနန်းနှင့်အချက်ပြရုံး၊ ရထားရဲစခန်း၊ လမ်းပိုင်းများကြီးကြပ်ရေးရုံးများနှင့် တည်ဆောက်ထားသည်မှာ ဖွဲ့စည်းပုံအပြည့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

နိုဝင်ဘာ ၁၀ ရက်တွင် ရွှေညောင်မှ သာစည်၊ မြင်းခြံ၊ ရန်ကုန် ပြန်လည်ပြေးဆွဲပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူများက ဝမ်းသာပီတိဖြစ်နေကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**



# လက်စုံအုပ်မိုး ကျွန်ရှိခိုးသည် ကောင်းကျိုးဖြာဝေ ပြည့်ပါစေ

**ဇော်မြင့်ဝင်း**

အချိန်ကား နိုဝင်ဘာ ၂၇ ရက်(အမျိုးသားနေ့) နေ့လယ်ပိုင်းဖြစ်သည်။ နေရာကား အထက(၂)တာမွေ (ယခင်တန်းမြင့်)ကျောင်းတွင်ဖြစ်သည်။

ကျောင်းဝင်းအတွင်း ဝင်လိုက်သည်နှင့် " မြတ်ဆရာများကို ပူဇော်ဂါရဝပြုရန် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူဟောင်းများကို လှိုက်လှဲဝမ်းမြောက်စွာကြိုဆိုပါ၏" ဟူသောအနီရောင်အောက်ခံတွင် အဖြူရောင်စာလုံးများဖြင့် ဝင့်ထည်စွာရေးသားထားသည့် ဆိုင်းဘုတ်ကြီးက ကြိုဆိုနေသည်ကို ကျောင်းအဝင်ဝမှပင် တွေ့မြင်နေရ၍ ငေးမောကြည့်ရှုနေမိသည်။

နှစ်ပေါင်းသုံးဆယ်ကျော်ကွဲကွာနေသည့် မိမိတို့ပညာရည်နို့သောက်စို့ခဲ့ကြသည့် ကျောင်းတော်ကြီးကို ငေးမောကြည့်ရင်း အတိတ်ကအလယ်တန်း၊ အထက်တန်းကျောင်းသားဘဝကို ပြန်လည်သတိရမိတော့သည်။ မည်မျှငေးမောသွားသည်မသိ၊ ခပ်ဝေးဝေးတစ်နေရာမှ မိမိငယ်နာမည်ကို တရင်းတနှီးဖြင့် ကျယ်ကျယ်လောင်လောင် လှမ်းခေါ်နှုတ်ဆက်နေသံက ငေးမောနေမှုကို လှုပ်နှိုးလိုက်သလိုဖြစ်ခဲ့သည်။ ဟောတွေ့ပါပြီကော. . . အတန်းဖော်ငယ်ပေါင်းသူငယ်ချင်းတစ်ယောက်။ မည်သူမည်ဝါမှန်း လောလောဆယ်မဝေခွဲတတ်။

လူကညိုညို. . . ဝမလိုနှင့် ခေါင်းမှာဖြူကဲ့၊ ရယ်ဖြဲဖြဲတွင်၊

ရွှေသွားပြောင်လက် ဤအချက်ကြောင့်

ပြောင်းလဲရုပ်သွင်၊ ငယ်ရုပ်ဆင်ကို အမှတ်တရရှိတော့သည်။

ငယ်ပေါင်းများကို ရှာဖွေကြရာမှ လေးငါးဦးစုမိတော့သည်။ "ဟော့ကောင်ကြီး၊ မင်း၊ ငါ" စသည်ဖြင့် ငယ်ကျိုးငယ်နာဖော်ကာ အလုအယက်စကြ နောက်ကြ ပြောင်ကြဖြင့် လူငယ်လေးများသဖွယ် စိတ်လွတ်ကိုယ်လွတ်ပြောဆိုနေကြသည်မှာ အချိန်အနည်းငယ်ကြာသွားတော့သည်။ အထက်တန်းပညာများသင်ကြားပြီး အချိန်တန်၍ အကြောင်းအမျိုးမျိုးကြောင့် အမိကျောင်းတော်ကြီးမှခွဲခွာခဲ့ကြရသည်။ တချို့နိုင်ငံ့ဝန်ထမ်းများလုပ်ကြသည်။ တချို့ ကိုယ်ပိုင်စီးပွားရေးလုပ်ကြသည်။ အချို့တပ်ထဲဝင်ကြသည်။ တချို့ဆရာဝန်ကြီးများ လုပ်ကြသည် စသည် စသည်ဖြင့် မိမိမိသားစုအရေး၊ ဘဝအရေးအတွက် အသီးသီးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ကဏ္ဍစုံ၊ နေရာစုံဝင်လုပ်ခဲ့ကြရာ အသက်အရွယ်ရလာကြသည်။ ဘဝအတွေ့အကြုံ ရင့်ကျက်မှုရလာကြသည်။ မိမိကျရာတာဝန်၊ နေရာဌာနအလိုက် တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် "ဆရာ၊ ဥက္ကဋ္ဌကြီး၊ ဗိုလ်ကြီး၊ ဗိုလ်မှူးကြီး၊ အဘ" စသည်ဖြင့် နေရာကဏ္ဍအလိုက်နှုတ်မှပြောဆိုသုံးနှုန်းကြရသည်။ ယင်းသို့နှုတ်ကျိုးနေသည့်အချိန်မျိုးတွင် " မင်း၊ ငါ၊ ယောက်ဖကြီး၊ ဟိုကောင်ကြီး" စသည်ဖြင့်ငယ်စဉ်ကျောင်းသားဘဝက ပြောဆိုဆက်ဆံသံများ ရုတ်တရက်ကြားရသည့်အခါ သူငယ်ချင်းများအားလုံးရင်ဝယ် မိမိအသက်လေးဆယ်အောက် ပြန်ရောက်သွားသလို ခံစားမိကြရသည်။

ပြောကြရင်း-ဆိုကြရင်း-လျှောက်လာကြရာ အခမ်းအနားကျင်းပသည့် "အုန်းတောခန်းမကြီး" ၏ အဝင်သို့ရောက်လာခဲ့ကြသည်။ ခန်းမကြီး၏ရှေ့ဘက်တွင် " အထက(၂)တာမွေ (ယခင်တန်းမြင့်)ကျောင်း၊ (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ" ဆိုင်းဘုတ်ကြီးကို အထင်အရှားတွေ့ရ၏။ ဆိုင်းဘုတ်ကြီးရှေ့ထိုင်ခုံအသီးသီးတွင် ခေတ္တအနားယူထိုင်နေကြသည့် အသက်(၆၀)အထက်မှ အသက်(၈၀)အထက်ရှိ ဆရာကြီး ဆရာမကြီးများကို တွေ့ကြရ၏။ ဆရာကြီး ဆရာမကြီးတို့၏ မျက်နှာကား ဇရာကိုအန်တု၍ ရွှင်လန်းတက်ကြွနေ၏။ ခွဲခွာနေရသည့် သားသမီးများကို ပြန်တွေ့ရသည့် မိခင်၊ ဖခင်များကဲ့သို့ ဆရာ ဆရာမများ၏ မျက်နှာမှာ အပြုံးပန်းများဖြင့် ရွှင်မြူးနေသည်မှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလျက်ရှိသည်ကိုကား မြင်ရသူတပည့်များ အားလုံး ရင်ဝယ်နှလုံး ရွှင်ပြုံးစေခဲ့ကြသည်။

မြတ်ဆရာပူဇော်ပွဲ ကျင်းပရာတွင် ၁၉၅၁ ခုနှစ်မှ ယနေ့အချိန်ထိ ကျောင်းတော်ကြီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)အထက် ဆရာကြီး ဆရာမကြီးများအား စုပေါင်းကန်တော့ခြင်းဖြစ်၍ ကျောင်းသား ကျောင်းသူများသည် အရွယ်စုံ၊ အသက်စုံပါဝင်သည်ကို တွေ့ကြရ၏။ ငယ်ရွယ်သွက်လက်သော ကျောင်းသားငယ်များကတစ်စု၊ တည်ကြည်ခန့်ညားသည့်အရွယ် ကျောင်းသားလတ်များကတစ်စု၊ ခေါင်းဖြူစွယ်ကျိုး ကျောင်းသားကြီးများကတစ်စု ခန်းလုံးပြည့် ရယ်မောပျော်ရွှင်စွာ တွေ့ကြရ၏။ မိမိတို့အစုမှာ ကျောင်းသားကျောင်းသူဟောင်းကြီးများအရွယ်ဖြစ်နေသဖြင့် ငယ်ရွယ်နုပျိုသူ ကျောင်းသားညီငယ်တစ်စုက ရှေ့ဆုံးမှ နေရာချထားပေးခဲ့ကြ၏။ ရှေ့ဆုံးမှနေ၍ မိမိတို့ကို သင်ပြပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများကို ဝိုင်းဝန်းရှာဖွေကြ၏။ ဆရာမကြီးတစ်ဦးကို တွေ့ရှိ၍ အနီးသို့ သွားရောက်ခဲ့သည်။ ဆရာမကြီးအနီးအရောက်တွင် လက်အုပ်ချီ၍ မင်္ဂလာပါတီချယ်ဟု နှုတ်မှပြောဆိုနှုတ်ဆက်မိသည်။ ဆရာမကြီးက တစ်ခေါင်းလုံးနီးပါးဖြူနေသည့် တပည့်အား စဉ်းစားကြည့်သည်၊ မှတ်မိဟန်မတူ။ ကျွန်တော်က ဘယ်သူပါ၊ ဘယ်ဌာနမှာလုပ်ပါတယ်။ ဘယ်တုန်းက (ကိစ္စတစ်ခုကြောင့်) တီချယ်နဲ့ ဆရာကြီးတို့က ကူညီခဲ့တာလေဟု မှတ်မှတ်ရရ တစ်ခုပြောဆိုတော့မှ မှတ်မိဟန်ပြုပြီး လက်အုပ်မိုးထားသော မိမိလက်နှစ်ဖက်ကို အုပ်မိုး၍ သြော်. . . သားကြီးတောင် ခေါင်းတွေဖြူနေပြီကိုး၊ သားကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ နှစ်စဉ် ပူဇော်ပွဲတတ်နိုင်ပါစေဟု ဝမ်းသာလွန်း၍ စို့လာသောမျက်ရည်တို့နှင့်အတူ ဆုတွေ တသီကြီးပေးနေသည်မှာ ရင်ဝယ်ပီတိတွေဖြစ်ခဲ့ရသည်။

အခမ်းအနားမှူးကြီးက တက်ရောက်လာကြသော ဆရာကြီး ဆရာမကြီးများ၏ အမည်များကို ရွတ်ပြနေစဉ် ဆရာကြီး ဆရာမကြီးတို့၏ ဂုဏ်ကျေးဇူးကို မှတ်မိသလောက် စဉ်းစားနေမိတော့၏။

ပါဠိလိုကား အာစရိယ၊ မြန်မာလိုကား ဆရာမည်၏။ အဓိပ္ပာယ်မှာ တပည့်အားလုံး၏ အကျိုးစီးပွားကို ဆောင်ရွက်တတ်သူဟူ၍ အဓိပ္ပာယ်ရ၏။ အာစရိယ ဂုဏော အနန္တော ဆိုသည့်အတိုင်း အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်၍ ဆရာသခင်ကျေးဇူးရှင်ဟု အသိအမှတ်ပြုကြရ၏။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသော ဆရာကျင့်ဝတ် ငါးပါးနှင့်အညီ တပည့်အားလုံးအပေါ်ဝါသနာ၊ စေတနာ၊ အနစ်နာဆိုသော နာသုံးနာဖြင့် တပည့်အားလုံးအား သာတူညီမျှ ပညာအမွေပေးကြ၏။ တပည့်များ၏ တစ်ဦးချင်း ခံယူနိုင်မှုစွမ်းအားပေါ်မူတည်၍ ပညာအရည်အချင်းကွာခြားမှု ရှိခဲ့ကြသည်သာဖြစ်၏။

တပည့်ပေါင်းမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား တစ်နေရာတည်းတွင် စုစုဝေးဝေးဖြင့် ပူဇော်ကန်တော့ကြသည်မှာ "ဂါရဝေါစ" ဟူသော မင်္ဂလာတရားတော်နှင့်အညီ မင်္ဂလာကျက်သရေရှိလှ၏။ တပည့်အားလုံးတို့ကလည်း "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ"ဆိုသော တပည့်ဝတ်ငါးပါးနှင့်အညီ နှစ်စဉ် "မင်္ဂလာရှိသော မြတ်ဆရာပူဇော်ပွဲ"အား ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရေး တပည့်အားလုံး စုပေါင်းပါဝင်ကြပါစို့. . .

အာစရိယဂုဏော- အနန္တောဟု
အနန္တဂိုဏ်းဝင်-ကျေးဇူးရှင်ကို
စဉ်လာမပျက်-ချိန်ခါရက်တွင်
တပည့်ပေါင်းစု - စုကောင်းမှုဖြင့်
လက်စုံအုပ်မိုး - ကျွန်ရှိခိုးသည်
ကောင်းကျိုးဖြာဝေ ပြည့်ပါစေ. . . .။ ။

## ယခုနှစ်ပြေလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံက ပို့ကုန်၊ သွင်းကုန် ဒေါ်လာသန်းတစ်ထောင်ကျော်တင်ပို့နိုင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၁ ဒသမ ၀၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၁၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၇ ဒသမ ၂၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၃ ဒသမ ၆၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၀၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၂၄ ဒသမ ၇၅ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် အောက်တိုဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၇၇ ဒသမ ၅၀ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၉၇ ဒသမ ၅၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၇၁ ဒသမ ၇၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၆၉ ဒသမ ၃၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၂၈ ဒသမ ၇၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၂ ဒသမ ၁၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၇၀ ဒသမ ၈၈ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၀၁ ဒသမ ၅၆ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**










## (၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာဆုတောင်းလွှာ

၁-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဗိုလ်မှူးကြီးဇော်သိန်း(ငြိမ်း) နှင့် ချစ်မေမေ ဒေါ်မြနု တို့၏(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းရင်း အမျိုးဘာသာ၊ သာသနာအကျိုးကို ကျန်းမာပျော်ရွှင်စွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားကြီး-မောင်ဇော်ဇော်ထွန်း**
**ချစ်သားငယ်-မောင်မျိုးဇော်ထွန်း**







# ဘုရစ်ဝီလ်၏ဆန့်ကျင်ဘက်ဇာတ်ရုပ်အဖြစ် မြင်တွေ့ရမည့် ‘ရိန်း’



တောင်ကိုရီးယားကြယ်ပွင့် ရိန်းက ဝါရင့်ဟောလိဝုဒ် အကျော်အမော် ဘရစ်ဝီလ်နှင့်တွဲဖက်ကာ ၎င်း၏ ဆန့်ကျင်ဘက်ဇာတ်ရုပ်အဖြစ် The Prince ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရိန်း၏ အေဂျင်စီက နိုဝင်ဘာ ၂၈ ရက်က ထုတ်ပြန်ကြေညာထားသည်။

The Prince ဇာတ်ကားကို ဒါရိုက်တာ Brian A. Miller က အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးပုံဖော်သွားမည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းများကို ဒီဇင်ဘာလဆန်းတွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား ကေပေ့ါပ်လောကတွင်လည်း အောင်မြင်မှုများရရှိနေသူ ဂီတကြယ်ပွင့် ရိန်းအနေဖြင့် ဟောလိဝုဒ်ဇာတ်ကားများနှင့် အကျွမ်းတဝင်ရှိပြီးသူ တစ်ဦးဖြစ်ကာ Ninja Assassin နှင့် Speed Racer ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသူတစ်ဦးဖြစ်သည်။

# ကူဟေးဆွန်း၏ပဉ္စမမြောက် တစ်ကိုယ်တော်သီချင်းသစ်ထွက်ရှိ

မျိုးစန္ဒာမောင် - စုစည်းသည်

ကိုရီးယားရုပ်ရှင်လောကတွင် သရုပ်ဆောင်ပိုင်းသာမက ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ ပန်းချီပညာရပ်များနှင့် အဆိုပညာရပ်တွင်လည်းထူးချွန်သူ တောင်ကိုရီးယားကြယ်ပွင့် ကူဟေးဆွန်းက ပရိသတ်များအတွက် သူ၏ “Were We Happy” ပဉ္စမမြောက်တစ်ကိုယ်တော်တေးသီချင်းကို နိုဝင်ဘာ ၂၈ ရက်က စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သီချင်းအသစ်တွင် ကူဟေးဆွန်းနှင့်အတူ မင်းသား Seo In-guk လည်းပါဝင်သီဆိုထားပြီး ယင်းသီချင်းကို ဧပြီလကထွက်ရှိခဲ့သည့် မင်းသား Seo In-guk ၏ တေးအယ်လ်ဘမ်တွင် ထည့်သွင်းသီဆိုခဲ့ပြီးဖြစ်သည်။

အဆိုပါ သီချင်းကို အနုပညာကြယ်ပွင့် ကူဟေးဆွန်းကိုယ်တိုင်ရေးစပ်သီကုံးထားခြင်းဖြစ်ပြီး ဆောင်းရာသီနှင့် အလွန်လိုက်ဖက်ညီမည့်သီချင်းတစ်ပုဒ်ဖြစ်ကြောင်းနှင့် သံစဉ်များကိုလည်း နှစ်သက်တတ်သည့် ကူဟေးဆွန်းအဖို့ ဂီတသံစဉ်များဖန်တီးရခြင်းကိုလည်း နှစ်သက်မိပါကြောင်း ကူဟေးဆွန်းကပြောကြားခဲ့သည်။

သရုပ်ဆောင်ကူဟေးဆွန်းအနေဖြင့် ၂၀၁၀ ခုနှစ်က Brown Hair နှင့် Marry Me သီချင်းများကို ဖြန့်ချိခဲ့ပြီး ယခုနှစ်မေလက Flying Galaxy နှင့် ဇူလိုင်လအတွင်းက It's You သီချင်းကို ပရိသတ်များထံသို့ ဖြန့်ချိခဲ့ပြီးဖြစ်ကြောင်းသိရသည်။

# စတီဗင်ဂျာရတ်မှာ ဗဟိုခံစစ်မှူးနေရာတွင်လည်းကစားနိုင်ကြောင်း နည်းပြရော့ဂျာဖွင့်ဟ



အင်္ဂလန်နှင့် လီဗာပူးအသင်းတို့၏ ဝါရင့်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် စတီဗင်ဂျာရတ်သည် ၎င်း၏လက်ရှိစာချုပ်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိမ့်မည်ဟု လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ယုံကြည်ထားပြီး စတီဗင်ဂျာရတ်မှာ ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်သော်လည်း ဗဟိုခံစစ်မှူး တစ်ဦးနေရာတွင်လည်း ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ရော့ဂျာက ဖွင့်ဟပြောကြားခဲ့သည်။

အသက် (၃၃)နှစ်အရွယ် စတီဗင်ဂျာရတ်သည် ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က ဘလက်ဘန်းအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် စတင်ပွဲထွက်ကစားခဲ့သူဖြစ်ပြီး လီဗာပူးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလား စသည်ဖြင့် အောင်မြင်မှုများကို ရယူနိုင်ခဲ့သူ ဖြစ်သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် လီဗာပူးအသင်း၏ ကွင်းလယ်ပိုင်းတွင် မရှိမဖြစ် အရေးပါသော ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားနေသော်လည်း အခြေအနေ အကြောင်းကြောင်းကြောင့် နောက်တန်းတွင် ကစားသမားလိုအပ်ချက်ရှိနေပါက ဗဟိုခံစစ်မှူးတစ်ဦးနေရာတွင် အကောင်းဆုံးကစားပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့သည်။

# ဒဏ်ရာရကစားသမား များပြားနေခြင်းကြောင့် အသင်းအတွက် ဂွါဒီယိုလာ စိုးရိမ်နေ



ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ပက်ဂွါဒီယိုလာသည် လက်ရှိအချိန်တွင် အသင်းအတွက် ပွဲထွက်ကစားနိုင်ခြင်းမရှိသေးသော ဒဏ်ရာပြဿနာကြုံတွေ့နေရသည့် ကစားသမားအရေအတွက် များပြားနေခြင်းကြောင့် အသင်း၏ရလဒ်အတွက် စိုးရိမ်နေကြောင်း ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းတွင် ရှာကီရီ၊ ပီဇာရို၊ ဖရန့်ရီဘာရီ၊ ရှဝိန်းစတိုင်ဂါနှင့် ဖီးလစ်လမ်းကဲ့သို့သော အသင်းအတွက် အားထားရသည့် ကစားသမားအချို့ ဒဏ်ရာများရရှိနေကြခြင်းကြောင့် အသင်း၏ပွဲထွက်လူစာရင်းနှင့် လွဲချော်ကာ အနားယူနေရခြင်းဖြစ်သည်။

ယင်းသို့ ဒဏ်ရာရကစားသမား များပြားနေခြင်းကြောင့် လက်ရှိအခြေအနေမှာ အသင်းအတွက် ခက်ခဲသည့် အခြေအနေတစ်ရပ် ဖြစ်နေကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သတင်းထောက်များအား နည်းပြဂွါဒီယိုလာက ပြောကြားခဲ့သည်။ မန်ဇူကစ်၊ မူလာ၊ ရော်ဘင်၊ ကွန်တန်တို စသည့် ကစားသမားများ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခြင်းအပေါ် ကျေနပ်မိသော်လည်း လက်ရှိကြုံတွေ့နေရသည့် ဒဏ်ရာရကစားသမား ပြဿနာသည် နောက်ထပ်ရက်သတ္တနှစ်ပတ် သုံးပတ်အထိ ခံစားရဦးမည်ဖြစ်ကြောင်း နည်းပြဂွါဒီယိုလာက ပြောကြားခဲ့သည်။

ငွေကြယ်

# စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ

ဗိုလ်ချုပ်ကြီးလှငွေးဝင်း ညွှန်ကြားရေးမှူး(ကြည်း၊ ရေ၊ လေ) - ဒေါ်မာမာဝေတို့၏ သားလှရတနာ

**Dr.**ခန့်ဝင်းဇင်

**M.B.,B.S(YGN), Postgraduate Diploma MBA, University of Northampton, UK**

နှင့်

ရန်ကုန်မြို့နေ

Dr.ခင်မောင်သန်း(Senior Primary Care and Family Physician, University of Malaya Medical Center, KL, Malaysia) - ဒေါ်ခင်ကြူကြူတို့၏ သမီးလှရတနာ

**Dr.**ခိုင်စံပယ်သန်း

**M.B.,B.S(YGN)**

တို့၏ ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်၍ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ကုံး ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ စုလျားရစ်ပတ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ(၂)ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးများ၊ မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာ ဘိသေကသွန်းလောင်းပေးပါသောဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများ သီကျူးပေးပါသော အလင်္ကာဝတ်ရည်အဖွဲ့နှင့် အခါတော်ပေး သီကျူးပေးသော တေးသံရှင်ဒေါ်ရီရီသန့်၊ သတို့သားအရံများဖြစ်ကြသော Dr.ကောင်းမြတ်မင်းစိုးနှင့် Dr.ကောင်းမြတ်လင်း၊ သတို့သမီးအရံများဖြစ်ကြသော Dr.ခိုင်ဆွေလွင်နှင့် Dr.ခိုင်သက်ဝင်း၊ မင်္ဂလာပန်းကြဲ မသက်နှင်းဝေဝေနှင့် Wendy၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးသော Dr.စုမြဝင်းနှင့် Dr.ခိုင်ဆုမောင်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော Black & White Photo Studio အဖွဲ့၊ မြဝတီရုပ်မြင်သံကြားအဖွဲ့၊ Exposure Photo Studio အဖွဲ့တို့အားလည်းကောင်း၊ အခမ်းအနားနှင့် စားသောက်ဖွယ်ရာများပြင်ဆင်ဧည့်ခံပေးသော ကန်တော်ကြီးပဲလေ့စ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာခန်းမ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)အဖွဲ့၊ မင်္ဂလာဝတ်စုံ ချုပ်လုပ်ဆင်မြန်းပေးပါသော မမြဇူ(Zu Zu Collection)၊ လက်ဝတ်ရတနာများ ကူညီဆင်မြန်းပေးပါသော ချစ်ဘွားဘွား အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်(ဒုတိယအဆင့်) ဒေါ်အေးအေးကြည်နှင့် ဦးဝင်းနိုင်-ဒေါ်စန်းစန်း(Win & San Jewellery)၊ မိတ်ကပ်အလှပြင်ယမ်ယမ်(ခင်စန်းဝင်း)အဖွဲ့နှင့် ထက်ထက်(Popsoul)၊ ဘိသေကခုံများ ပြင်ဆင်ပေးပါသော ဦးကိုကိုကြီး၊ မစန္ဒာနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော မိတ်သင်္ဂဟအပေါင်းနှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့်ဇနီး၊ အရာရှိ/စစ်သည်မိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်

**Dr.**ခန့်ဝင်းဇင် - **Dr.**ခိုင်စံပယ်သန်း

# လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၂ ခုနှစ်အတွက် ရန်ကုန်မြို့တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုဗန်းကိုင်ဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသော အမျိုးသမီး(အိမ်ထောင်မရှိ)သူများ လျှောက်ထားနိုင်ပါသည်-

(က) ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အသက်(၁၈)နှစ် ပြည့်ပြီးသူနှင့် အသက်(၂၀)မကျော်လွန်သူ

(ခ) အရပ်အမြင့်(ဖိနပ်မပါ) ၅ပေ ၄လက်မ မှ ၅ပေ ၅လက်မအတွင်းဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းနှင့် ကိုယ်ခန္ဓာအချိုးအစားပြေပြစ်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ်(၁၆)၊ ဝင်္ကပါလမ်းတွင် ၂၉-၁၁-၂၀၁၃ ရက်တွင် စတင်ထုတ်ယူနိုင်ပြီး ၇-၁၂-၂၀၁၃ ရက် ညနေ (၅)နာရီမတိုင်မီ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

၃။ ထူးချွန်ဆုချီးမြှင့်ပွဲတွင်ပါဝင်မည့် ဆုဗန်းကိုင်များနှင့် အစီအစဉ်ကြေညာသူများအတွက် မိတ်ကပ်ဆံပင်အလှပြင်ခြင်း၊ လက်ဝတ်ရတနာဆင်မြန်းခြင်း၊ ဝတ်စုံ (ဒီဇိုင်နာအပါအဝင်)ဆင်မြန်းခြင်း၊ ဖိနပ်ဆင်မြန်းခြင်းတို့အား ပါဝင်ဆောင်ရွက်လိုသူများအနေ ဖြင့် မိမိဆောင်ရွက်လိုသောလုပ်ငန်းအမည်နှင့် ထည့်ဝင်ပေးနိုင်မည့် ငွေပမာဏကိုပါ ဖော်ပြ၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ်(၁၆)၊ ဝင်္ကပါလမ်းသို့ ၇-၁၂-၂၀၁၃ ရက် ညနေ ၅ နာရီမတိုင်မီ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး


## ဝန်ထမ်းခေါ် (အလိုရှိ)

မီဒီယာလုပ်ငန်း (ကြော်ငြာရှာရမည်)
ဘွဲ့ရ၊ အသက် ၂၀ မှ ၂၅ နှစ်အတွင်း
မ(၈) ဦး။
ဖုန်း-၀၉ ၄၂၀၀၁၀၀၁၂၊ ၀၉ ၇၃၁၆၁၆၂၀






## ကားဝယ်လိုသည်

ခရောင်း မန်ချက်စတာ
တိုယိုတာ ဆဲလ်စီယာ
ဖုန်း-၀၉ ၇၃၀၁၂၄၈၅၊
၀၉ ၂၅၀၃၆၀၀၇၇




# ရဲတပ်သားအား ဇနီးက ဓားဖြင့်ထိုး၍ သေဆုံး

**အထက်မင်းလှ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး အထက်မင်းလှ မြို့မရဲစခန်းလိုင်းခန်း၌ နေသူ ရဲတပ်သား ရာဇာမင်းနှင့်ဇနီးဖြစ်သူတို့ စကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူက ဓားဖြင့်ထိုးရာ ရဲတပ်သားသေဆုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၂၆ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ရဲတပ်သား ရာဇာမင်းသည် အရက်သေစာ သောက်စားမူးယစ်ကာ ၎င်း၏ ဇနီး မသန်းသန်းမြင့်နှင့် နေအိမ်တွင် စကားများရန်ဖြစ်ကြရင်း ဇနီးဖြစ်သူက မီးဖိုချောင်သုံး အရိုးအသွား ကိုးလက်မရှိ ဓားဦးချွန်ဖြင့် ထိုးရာ ရဲတပ်သား ရာဇာမင်းတွင် ဒဏ်ရာရရှိခဲ့သည်။

မသန်းသန်းမြင့်သည် အထက်မင်းလှ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းနိုင်ထံ လာရောက်အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးရာ ရဲတပ်သားရာဇာမင်းသည် နေအိမ်ဧည့်ခန်း၌ သွေးထွက်လွန်လျက် သတိလစ်နေသည်ကို တွေ့ရသည့်အတွက် အထက်မင်းလှ ဆေးရုံသို့ တင်ပို့စဉ် သေဆုံးသွားသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ အထက်မင်းလှ မြို့မရဲစခန်းမှူးက တရားလို ပြုလုပ်တိုင်တန်းသဖြင့် မသန်းသန်းမြင့်အား အထက်မင်းလှ မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မကွေးလှမြင့်)**

# ညအချိန်နေအိမ်ပေါ်သို့ ပုန်းလျှိုးဝင်ရောက်သူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဂျုတ်ကုန်းကျေးရွာနေ ဒေါ်ဝင်းကြည် (၆၁)နှစ်သည် နေအိမ်ရှေ့ခန်း၌ ရေဒီယိုဖွင့်နားထောင်နေရာမှ နေအိမ်နောက်ခန်းအတွင်း ငရုတ်မျိုးစေ့များထည့်ထားသည့် ဗန်းအား ဖုံးအုပ်ထားခြင်းရှိ မရှိသွားရောက်ကြည့်ရှုစစ်ဆေးရာ ၎င်းအခန်းအတွင်း၌ လူတစ်ဦးရောက်ရှိနေကြောင်း ဆိုလာမီးရောင်ဖြင့် တွေ့ရှိရသည်။ တွေ့ရှိရသူမှာ တစ်ရွာတည်းနေ အောင်မြင့်သန်း(၃၅)နှစ်ဖြစ်ကြောင်း သိရှိရပြီး တံမြက်စည်းဖြင့် ရိုက်ကာ အော်ဟစ်အကူအညီတောင်းခံခဲ့၍ အောင်မြင့်သန်းမှာ နေအိမ်ပေါ်မှ ဆင်းပြေးသွားခဲ့သောကြောင့် ညဥ့်အချိန်နေအိမ်ပေါ်သို့ ပုန်းလျှိုးဝင်ရောက်သူ အောင်မြင့်သန်းအား အရေးယူပေးပါရန် နိုဝင်ဘာ ၂၈ ရက်တွင် တိုင်တန်းခဲ့သောကြောင့် တောင်တွင်းကြီး မြို့မရဲစခန်းက (ပ) ၂၂၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၄၅၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

အလားတူ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် တောင်တွင်းကြီးမြို့နယ် ရွှေကြားအင်း (၁)ရပ်ကွက်နေ ဦးဝေလင်း(၅၂)နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူ အိပ်နေစဉ် နေအိမ်ရှေ့လမ်းပေါ်မှ ၎င်း၏အမည်အား အော်ခေါ်သဖြင့် ထွက်ကြည့်ရာ မျက်စောင်းထိုးအိမ်မှ ကိုအောင်ထွန်းလေးနှင့် ကိုအောင်ကိုဝင်းတို့က အမည်မသိလူငယ်တစ်ဦးအား ဆွဲခေါ်ထားသည်ကို တွေ့ရကြောင်း၊ ၎င်းလူငယ်သည် ဦးဝေလင်း၏ နေအိမ်ခြံစည်းရိုးအုတ်တံတိုင်းအား ကျော်တက်ကာ အပြင်သို့ ထွက်လာသည်ကို လမ်းဘေး လျှပ်စစ်မီးတိုင်မှ အလင်းရောင်ဖြင့်တွေ့မြင်ရ၍ ဆွဲခေါ်ထားခြင်းဖြစ်ကြောင်း၊ ၎င်းလူငယ်မှာ တစ်ရပ်ကွက်တည်းနေ ညဏ်ထက်ဟိန်း(၁၉)နှစ် ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ဖုန်းဖြင့် အကြောင်းကြားခဲ့ပြီး အုပ်ချုပ်ရေးအဖွဲ့က ညဏ်ထက်ဟိန်းအား မေးမြန်းရာ အရက်မူးပြီး ဦးဝေလင်း၏ နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့မိကြောင်း ထွက်ဆိုသဖြင့် ညအချိန်နေအိမ်အတွင်း ပုန်းလျှိုးဝင်ရောက်သူ ညဏ်ထက်ဟိန်းအား တောင်တွင်းကြီးမြို့မရဲစခန်းက (ပ) ၂၂၉/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၄၅၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# ကလေးငယ် မီးခြစ်အား ဆော့ကစားရာမှ မီးလောင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၈ ရက်မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်ပြင် (၁)ရပ်ကွက်နေ ကျော်ဝင်းထွန်း (၃၂)နှစ်၏ သားဖြစ်သူ အောင်ရဲရင့် (၄)နှစ်သည် ဂက်စ်မီးခြစ်အား ဆော့ကစားရာမှ အခန်းအတွင်းရှိ စက္ကူနှင့် စာအုပ်များအား မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထရံသို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ ထိုမှတစ်ဆင့် အိမ်၏အဖီနှင့် အမိုးတို့ကိုပါ ဆက်လက်ကူးစက်လောင်ကျွမ်းခဲ့သောကြောင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့၍ အရွယ်မရောက်သေးသူ ကလေးငယ်အား ပေါ့ဆစွာ မီးခြစ်ဆော့ကစားစေသဖြင့် အိမ်ထောင်ဦးစီး ကျော်ဝင်းထွန်းအား တောင်တွင်းကြီး မြို့မရဲစခန်းက (ပ) ၂၂၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျိုက်ထိုမြို့၌ ဗုံးသီးဟောင်းတွေ့ရှိ

**ကျိုက်ထို နိုဝင်ဘာ ၃၀**

ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက်ရှိ ကဒက်ချောင်းနှင့် တစ်ဆက်တည်း ကော့စံနိုင်ချောင်း ရထားသံလမ်း တံတား အမှတ်(၄၈) အနီး၌ ကျိုက်ထိုမြို့ ကော့စံနိုင် ရပ်ကွက် ဇီဇဝါမြောက်နေ ဦးစိုးနိုင် အသက်(၄၅)နှစ် အငှားယာဉ်မောင်းသည် နိုဝင်ဘာ ၂၉ ရက် နံနက် ၇ နာရီခန့်တွင် အဆိုပါချောင်း၌ ကွန်သွားပစ်ရာ ပိုက်ကွန်ထဲ၌ ဗုံးသီးဟောင်း တစ်လုံးပါလာ၍ သက်ဆိုင်ရာ မြို့မရဲစခန်းသို့ သတင်းပေးပို့ခဲ့ရာ စစ်ဆေးမှုများပြုလုပ်ပြီး အဆိုပါဗုံးသီးမှာ အရှည် ၁၇ လက်မ၊ အရှေ့လုံးပတ် ရှစ်လက်မ၊ အနောက်လုံးပတ် ကိုးလက်မ၊ အလယ်လုံးပတ် ၁၅ လက်မရှိသည့် BA 97 ဗုံးသီးဖြစ်ပြီး သက်ဆိုင်ရာက သိမ်းဆည်းသွားကြောင်း သိရသည်။

**(ဝင်းမောင်- ကျိုက်ထို)**

# ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရွှေကူ နိုဝင်ဘာ ၃၀**

ရွှေကူမြို့မရဲစခန်းမှ ဒုရဲအုပ်ဝေဖြိုးဦး ဦးစီးသောတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၆ ရက်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ရွှေကူမြို့ အမှတ် (၁) ရပ်ကွက် သချႋုင်းကုန်းဇရပ်အနီး စောင့်ဆိုင်းနေစဉ် SHAYAN ၁၂၅ အမျိုးအစားဆိုင်ကယ် မောင်းနှင်လာသူ တိုးတက်အောင်(ခ) တက်တိုးအား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ ပလတ်စတစ်ဘူးဖြင့်ထည့်ထားသော အပြာရောင် ပလတ်စတစ်ပိုက်စတစ်ခုလျှင် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် သုည ဒသမ ၀၂၀၄၁ ဂရမ်ခန့်စီပါ ပိုက်စ ၁၀ ခုဖြင့် ထည့်ထားသော အလေးချိန် သုည ဒသမ ၂၀၄၁၂ ဂရမ်ခန့် ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါး (ဘိန်းဖြူ) များ လက်ဝယ်တွေ့ရှိသူ တိုးတက်အောင်(ခ) တက်တိုး (၂၈)နှစ် ပေါက်ကုန်းကျေးရွာ ကျောက်ကြီးကျေးရွာအုပ်စု ရွှေကူမြို့နယ်နေသူအား ရွှေကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန





# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

Mya Yeik Nyo Royal Hotel (ဘုရင့်နောင်ခန်းမ၌) ၁၅-၁၁-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအား မင်္ဂလာနာယကအဖြစ် ကြီးကြပ်ဦးဆောင်ကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်ချုပ်သောင်းမြင့်(ငြိမ်း)(ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး-ငြိမ်း) နှင့်ဇနီးအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ဝင်းအောင်တင့်(ငြိမ်း)၊ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)နှင့်ဇနီးတို့အားလည်းကောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ မင်္ဂလာခန်းမ၌ ၃၀-၁၁-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီး(ငြိမ်း) သီဟသူရ၊ မဟာသီရိသုဓမ္မ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဘဘ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ (ဗိုလ်ချုပ်ကြီးစိုးဝင်း)၏မိသားစု၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၏ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၏ဇနီး၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၃ ခုနှစ်နှင့် ၁၉၇၄ခုနှစ် ကျောင်းဆင်းနှစ်ဖက်မိဘတို့၏ မြို့ပြအင်ဂျင်နီယာ သူငယ်ချင်းများအားလည်းကောင်း၊ Mya Yeik Nyo Royal Hotel မြက်ခင်းပြင်၌ ၃၀-၁၁-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘများနှင့်မိသားစုတို့၏ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအတွက် စီစဉ်ပေးပါသော ဦးလှကြည်အားလည်းကောင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါက်တာခင်မောင်ဝင်း(Diamond Land-ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးပါသော မိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်ညိမ်း-မချိုသီသီဝေ

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါက်တာအေးကြည်ညွန့်တို့၏သားကြီး

**ဗိုလ်ကြီးထွန်းလင်းမောင်**
**M.B.,B.S(DSMA),M.Med.Sc(OG)**

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ပါမောက္ခဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း-အကြံပေးပုဂ္ဂိုလ်၊ တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ၊ မင်္ဂလာဒုံ)-ဒေါက်တာညိုသန်းမူတို့၏ တစ်ဦးတည်းသောသမီး

**မစုလေးညို**
**B.A(International Relations),B.A(English For Occupational Purposes)**
**Diploma in English Language Teaching**
လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

တို့၏ ၂၈-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာဒုံမြို့နယ်၊ ကံသုံးဆင့်ကျောင်းတိုက်တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၂၉-၁၁-၂၀၁၃ ရက် Sedona Hotel ဒဂုံခန်းမတွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကအဖြစ် ဦးဆောင်ဆောင်ရွက်ပေးပါသော ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ အသိသက်သေများအဖြစ် ကူညီဆောင်ရွက်ပေးပါသော ကိုခန့်နိုင်နှင့်မခိုင်သင်းကြည်တို့အားလည်းကောင်း၊ ၃၀-၁၁-၂၀၁၃ ရက် ရန်ကုန်မြို့ Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)၊ ပြည်သူ့လွှတ်တော်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့နှင့် ဇနီးဒေါ်မေရီတင်၊ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိနှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ယဉ်ဝေယံထွန်းနှင့် စန္ဒရားသိန်းမြင့်သန်းနှင့် အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မဟန်သီရိနှင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများကိုင်ဆောင်ပေးပါသော မအေးထက်ထက်ဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဝင်းလဲ့မွန်၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော သမီးငယ် မမြတ်မနောဖြူနှင့် မမြတ်ပန်းနံ့သာ၊ သတို့သားအရံ ဗိုလ်ကြီးကျော်ဝင်းထွန်းနှင့် ဗိုလ်ကြီးသက်ပိုင်စိုး၊ သတို့သမီးအရံ မခင်သန္တာဆွေနှင့်မအိမွန်လှ၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဆရာမ ဒေါ်ဖြူဖြူအောင်(Jasmine Phyu Gems and Jewellery)၊ မေတ္တာဖြင့် မိတ်ကပ်လိမ်းခြယ်ပေးပါသော ရွှေပန်းချီ ကိုကျော်ကျော်လင်း(ယဉ်ကျေးမှု)၊ မင်္ဂလာဝတ်စုံ Aroma၊ မေတ္တာဖြင့် ဝတ်စုံများဆင်ယင်ပေးပါသော ဒေါ်အေးအေးဝင်း(Queen Ladies' Wears)၊ မေတ္တာဖြင့် ပန်းအလှများဆင်ယင်ပေးပါသော ဒေါ်မို့မို့သာ၊ အစစအရာရာ ကူညီပေးပါသော ဒေါ်နီလာ(ကော်ဇောကမ္ဘာ)၊ ကိုကြီးအောင်သက်ဦးနှင့်မီးမီး၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Love Invitation Cards၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောက်ရွက်ပေးပါသော Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးထွန်းလင်းမောင်-မစုလေးညို

# (၉၃)နှစ်မြောက်အမျိုးသားနေ့(မြိုင်)၌ ဓာတ်ပုံပြပွဲကျင်းပ

**မြိုင် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ (၉၃)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၂၇ ရက်၊ နံနက် ၈ နာရီတွင်မြို့နယ်ပြန်/ဆက် ရုံးခန်းမ၌ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူ ၇၅ ဦးခန့် လာရောက်ကြည့်ရှုလေ့လာမှတ်သား ကြောင်းသိရသည်။ **အောင်(မန်းတက္ကသိုလ်)**



# ပြည်သူကိုသုတမျိုးစုံ အကျိုးပြုမည့် သုတမင်းစာကြည့်တိုက်

**ကလေး နိုဝင်ဘာ ၃၀**

ကလေးမြို့နယ်၊ကျောင်းတိုက်စံပြ ကျေးရွာရှိ သုတမင်းစာကြည့်တိုက် သည် စာသင်ကျောင်း၊ဘုန်းတော်ကြီး ကျောင်းများနှင့် ကပ်လျက်ကျေးရွာ အများပြည်သူသုံး ရွာလမ်းမကြီးဘေး ရွာလယ်ခေါင်နေရာ ဖြစ်သော စေတနာရှင်အလှူရှင်မိသားစုတို့မှ လှူဒါန်းသည့် မြေနေရာတွင်တည် ဆောက်ထားသည်။**(အပေါ်ပုံ)**

အဆိုပါသုတမင်းစာကြည့်တိုက် အဆောက်အအုံမှာ အလျား၃၆ပေ၊ အနံ ၂၄ပေ၊အမြင့်၁၂ပေ အရွယ် အစားရှိပြီး သွပ်မိုးနံကပ်၊ သမံ တလင်းခင်း၊ တစ်ထပ်တိုက်ဖြင့် ခန့်ညားထည်ဝါစွာ ဆောက်လုပ် ထားသည်။ ကုန်ကျငွေမှာအလှူရှင် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် သိန်း ၁၀၀ ကျော်နှင့် စစ်ကိုင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းအပါအဝင် စုစုပေါင်း ကျပ် သိန်း ၁၂၀ ကျော် အကုန်အကျခံ ဆောက်လုပ်ခြင်းဖြစ်သည်။

ယခုအချိန်တွင် သုတမင်းစာကြည့် တိုက်သည် ကျေးရွာနေမိဘပြည်သူ များ၊ လူငယ်မောင်မယ်များနှင့် စေတနာရှင်အလှူရှင်များ၏ အား ကြိုးမာန်တက်ကြိုးစားအားထုတ်မှု ကြောင့် သုတရသစာအုပ်မျိုးစုံနှင့် လိုအပ်သည့်ပရိဘောဂများ စုံလင်စွာ ထားရှိနိုင်ပြီးဖြစ်ရာ ကျေးလက်နေ ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး နှင့် ပညာရေးအတွက် လိုအပ်သည့် ဗဟုသုတများလေ့လာရှာမှီးရာ ပညာ ဘဏ်တိုက်၊ ရတနာသိုက်ကြီးတစ်ခု ဖြစ်လာတော့မည်မှာ မုချမလွဲပင် ဖြစ်သည်။ **(ဂျိုးနက်)**

# ကျေးလက်မီးလောင်မှု အကြောင်းရင်းများ

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင့်ကျေးရွာ မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၂၂၅ လုံး မီးလောင်ခံရပြီး အိမ်ထောင်စု ၂၃၇၊ လူဦးရေ ၁၁၂၅ ဦးခန့် အိုးမဲ့ အိမ်မဲ့ဖြစ်သွားသည်။ ကျေးရွာဒေသတို့၌ မီးလောင် ကျွမ်းမှုသတင်းတိုလေးများကို သတင်းစာထဲ၌ မကြာ မကြာ နှစ်စဉ်တွေ့နေရပါသည်။

ကျွန်တော်တို့နိုင်ငံသည် လယ်ယာလုပ်ငန်းကြီးကို အဓိကထားသောနိုင်ငံတစ်ခုဖြစ်သည့်အတွက် ၇၀ရာခိုင် နှုန်းမျှသော လူနေမှုတို့သည် ကျေးရွာဒေသတို့၌ အခြေခံ ကြသည်။ ထိုကျေးရွာဒေသတို့၌ မီးလောင်ကျွမ်းမှုမျိုး မဖြစ်ပေါ်အောင်တားဆီးရေးသည်လည်း ကျေးရွာနေ လုပ်သားပြည်သူတို့အတွက် အထူးအရေးကြီးပေသည်။

ယနေ့နိုင်ငံတော်အစိုးရသည် အဆိုပါကျေးလက် ဒေသတို့၌ မီးစတင်လောင်ကျွမ်းရခြင်းအကြောင်းရင်း (၈)ခုကို ရှာဖွေတွေ့ရှိပြီးဖြစ်သည်။ ၎င်းအကြောင်းရင်း များကို တစ်ခုချင်းကြည့်သောအခါ ပထမအကြောင်း ရင်းအနေဖြင့် တောင်သူလယ်သမားများ၏ ဇနီး၊ သားသမီးအချို့တို့သည် လယ်ယာလုပ်ငန်းသို့နေထွက်မှ နေဝင်တိုင်အောင် သွားရောက်လုပ်ကိုင်နေသည့်အခိုက် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်အချို့သာ ကျန်ရစ် လျက်ရှိသည်။ မိဘများကို ထမင်းဟင်းပို့ရန်အတွက် ချက်ပြုတ်ရာမှ မတော်တဆ မီးလောင်မှုဖြစ်ပွား ရသည်။

ဒုတိယအချက်အနေဖြင့်ကြည့်လျှင် လယ်ယာ လုပ်ငန်းခွင် များမစမီ မိုးဦးကျအခါတွင် ရိုးဖြတ်လယ် တောများကို မီးရှို့ရှင်းလင်းရာမှ လယ်ယာခွင်နေအိမ်မှ တစ်ဆင့် မတော်တဆ မီးကူးစက်လောင်ကျွမ်းသည်လည်း ရှိသည်။

တတိယအချက်အနေဖြင့် လယ်ယာဦးကြီးတို့၏ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုသော ကျွဲနွားများထား ရှိရာ တင်းကုပ်များတွင် ကျွဲ၊ နွား တိရစ္ဆာန်များကို မှဲ့၊ ခြင်၊ ယင်ကိုက်မှုများ ကာကွယ်ရန်အလို့ငှာ ထိုနွားတင်းကုတ် များအတွင်း၌ မီးခိုးများဖြစ်စေရန်အတွက် ကောက်ရိုး၊ ဆေးရိုးများကို မီးမှိုက်ရာမှ မတော်တဆမီးလောင်ကျွမ်း သည်လည်းရှိသည်။

စတုတ္ထအချက်အနေဖြင့် ကျေးရွာအတွင်းရှိ အမှိုက် သရိုက်များကို သန့်ရှင်းရေးအလို့ငှာ မီးရှို့၍မီးလှုံကြရာမှ မီးကြွင်းမီးကျန်မှတစ်ဆင့် လွင့်စင်ပြီး အနီးပတ်ဝန်းကျင်ရှိ ကောက်ရိုးပုံနှင့် အိုးအိမ်များကိုမတော်တဆ မီးကူးစက် လောင်ကျွမ်းသည်လည်းရှိသည်။

ပဉ္စမအချက်အနေဖြင့် ကျေးရွာများတွင် များသော အားဖြင့် ဖယောင်းတိုင်၊ ရေနံဆီမီးခွက် သို့မဟုတ် ဖန် ပြောင်းမပါသည့် ရေနံဆီမီးခွက်၊ မီးတုတ် အစရှိသည်တို့ကို အသုံးပြုလေ့ရှိရာ မီးတောက်များမှတစ်ဆင့်မီးပေါ့ဆမှု ကြောင့် မီးလောင်သည်လည်းရှိသည်။

ဆဋ္ဌမအချက်အနေဖြင့် ဖက်ဆေးပေါ့လိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်စသည်တို့ကို သောက်ရာမှာမီးပွား များမှ လွင့်စင်၍ လည်းကောင်း၊ ဆေးလိပ်တိုများကို မီးမငြိမ်းပဲ အမှုမဲ့အမှတ်မဲ့လွှင့်ပစ်ရာမှ မီးပွားများလွင့်၍ အခြားသို့ ကူးစက်လောင်ကျွမ်းသည်လည်း ရှိသည်။

သတ္တမအချက်အနေဖြင့် ကျေးရွာလုပ်သားပြည်သူ တို့သည် ယခုအခါဓာတ်ငွေ့ရည်ထည့်၍ အသုံးပြုသည့် မီးခြစ်များကို အသုံးပြုနေကြပြီးဖြစ်ရာ ထိုမီးခြစ်များကို ဆီဖြည့်တင်းပြီးသည်ကို အမှုမဲ့အမှတ်မဲ့ဖြင့်ခြစ်ကြည့်ရာ လျှံထွက်နေသော ဓာတ်ဆီ၊ဓာတ်ငွေ့ရည်တို့ကို မီးကူးစက် သည့်အတွက် ကြောက်လန့်ပြီး မီးခြစ်ကိုပစ်လိုက်သည်တွင် ဆီထည့်ထားသည့်ပုလင်းသို့ ကူးစက်ရာမှ မီးလောင်မှု ဖြစ်တတ်ပါသည်။

အဋ္ဌမအချက်အနေဖြင့် ကျေးရွာနေလုပ်သားပြည်သူ များသည် ထင်းမီးဖိုများအပြင် ရေနံဆီမီးဖိုများအသုံးပြု လာကြပြီဖြစ်ရာ ၎င်းတို့ကစနစ်တကျ ဂရုတစိုက်ကိုင်တွယ် အသုံးပြုခြင်းမရှိဘဲ ပေါ့ပေါ့ဆဆ ကိုင်တွယ်အသုံးပြုရာမှ ထိုရေနံဆီမီးဖိုများမှတစ်ဆင့် မတော်တဆမီးလောင်မှု လည်းရှိသည်။

မီးလောင်မှုဟူသည် တောတွင်လည်းကောင်း၊ မြို့တွင် လည်းကောင်း လုံးဝမဖြစ်စကောင်းသောဖြစ်ရပ် မှုခင်းကြီးဖြစ်သဖြင့် အဆိုပါမီးဘေးအန္တရာယ်မှ မကြုံ တွေ့ရလေအောင် မီးအား ပေါ့ပေါ့ဆဆ ကိုင်တွယ်မပြု သင့်ကြောင်း။ ။

**သိဒ္ဓိမောင်ဒွေး**

## မီးဘေးရှောင် မလောင်ခင်တား

## အစိုးရကြော်ငြာ

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ ကျွန်းချောင်းဓာတ်အားပေးစက်ရုံရှိ GT(3)၏ Generator 11KV Bus ရှိ Surge Suppressor Capacitor (3) Nos ကို မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်နေ့ရက် -၂-၁၂-၂၀၁၃ ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၃၁-၁၂-၂၀၁၃ ရက်(အင်္ဂါနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါလျှောက်လွှာ၊ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၂-၁၂-၂၀၁၃ ရက်မှ ၃၁-၁၂-၂၀၁၃ ရက်အထိ နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ် စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်

**ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့ ဖုန်း-၀၅၉-၄၁၀၀၅**

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကော့သောင်းမြို့နယ်၊ အောင်ဘာကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ပုလောမြို့နယ်၊ နန်းသီလာ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၂၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၀-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့(ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ဆောက်ရေး စီမံကိန်းများရှိ Bore Pile Link-belt Crane LS 108BJ အတွက် လိုအပ်သော စက်အရန် ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
- Spare Parts for Link Belt Crane (1)Lot

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၆-၁၂-၂၀၁၃ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တည်ဆောက်ရေး ပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ စက်မှုဦးစီး၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉- ၅၁၄၇၁၂၉၊ ၀၉- ၈၆၃၆၁၈၅**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန၊ကျန်းမာရေးဦးစီးဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ဆေးရုံအုပ်ကြီးရုံး
### အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ စာရင်းမှပယ်ဖျက်မည့် အောက်ဖော်ပြပါ ပစ္စည်း(၄)မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) ဘွိုင်လာ | (အချင်း၈', အရှည် ၂၂') | ၃ လုံး |
| (ခ) ရေနွေးငွေ့တိုင်ကီ | (အချင်း၈', အရှည် ၉') | ၂ လုံး |
| (ဂ) မီးခိုးခေါင်းတိုင် | (အချင်း၇', အရှည် ၈၀') | ၁ လုံး |
| (ဃ) ရေနွေးငွေ့ပိုက်လိုင်း | (4" Ø Gl ပိုက်) | ၇၂၆' |
| | (2" Ø Gl ပိုက်) | ၃၃၆' |
| | (1½" Ø Gl ပိုက်) | ၈၅' |

၂။ လေလံပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ၂၉-၁၁-၂၀၁၃ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ လေလံလျှောက်လွှာများ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်မေးမြန်းနိုင်ပါသည်။ **ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

ဆေးနှင့်ဆေးဝါးပစ္စည်း၊ Fax Film၊ Tyre & Battery၊ ရုံးအသုံးအဆောင်/ဓည့်ရိပ်သာသုံး/ အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည့်အိတ်ခွံနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ။

၂။ တင်ဒါပုံစံထုတ်ပေးရက်-၂၈-၁၁-၂၀၁၃ရက်
၃။ တင်ဒါပိတ်ရက် -၂၇-၁၂-၂၀၁၃ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်။

(က)အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်-၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ)နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇-၂၂၁၂၆
(ဂ)ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ)စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၉၇၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**

# မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းမြှင့်တင်ရေးအသိပညာပေးပြပွဲ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေး၊ လူငယ်လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူလူထုအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိပညာပေးနိုင်ရေးနှင့် လိုက်နာစေရန် ရည်ရွယ်၍ပထမအကြိမ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်း၌နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ရက်ထိကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အသိပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။**(အောက်ပုံ)**

ကမ္ဘာတွင် ယာဉ်မတော်တဆမှုကြောင့် တစ်နေ့လျှင် ပျမ်းမျှ လူ ၂၇၃၉ ဦးသေဆုံးပြီး လူခြောက်သောင်းကျော်ဒဏ်ရာရရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ ယာဉ်မတော်တဆမှု ၁၆၃၃မှုဖြစ်ပွားပြီး ၅၀၇ ဦး သေဆုံးကာ ၃၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ယာဉ်အန္တရာယ်ကြောင့် သေဆုံးမှု များပြားလျက်ရှိရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုမိုဂရုပြုလိုက်နာကြရန် လိုအပ်ကြောင်း လမ်းအသုံးပြုသွားလာနေကြသူအားလုံး ယာဉ်တိုက်မှုကြောင့် သေကြေဒဏ်ရာရခြင်းများ မရှိကြစေရန် စည်းကမ်းနှင့်အသိကို သတိနှင့်ယှဉ် မောင်းနှင်ကြရန်ပညာပေးပြသထားသည်။



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများကို ကွန်ပျူတာဖြင့် ဖြေကြားခြင်း၊ အသိပညာပေးပြခန်းများ၊ မြေပြင်သရုပ်ပြကွက်များအား ပြည်သူများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြရာအထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် R ဇာနည်၊ L လွန်းဝါ၊ ဟဲလေး၊ ဝါဆိုမိုးဦး၊ ဆုပန်ထွာ၊ ဖြိုးကြီး၊ မျိုးကျော့မြိုင်၊ ရွှေစင်တို့က တေးသီချင်းများဖြင့် အခမဲ့ဖျော်ဖြေကြောင်း သိရသည်။ ပြပွဲတွင် ဝန်ကြီးဌာန ပြခန်း ၂၆ခန်း၊ TA TA မော်တော်ယာဉ်ပြခန်း အပါအဝင် ကုမ္ပဏီအရောင်းပြခန်း ၁၅၆ ခန်းရှိသည်။

**သီဟကိုကို(မန္တလေး)**



# ပထမနှစ် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးနေထိုင်နိုင်ရန် မုံရွာတက္ကသိုလ်အတွင်း အဆောင်များအဆင့်မြှင့်တင်မွမ်းမံလျက်ရှိ

**မုံရွာ နိုဝင်ဘာ ၃၀**

မုံရွာတက္ကသိုလ်တွင် နိုဝင်ဘာ ၂၈ ရက်မှ စတင်၍ ဒီဇင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည့် ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား စတင်ကျောင်းအပ်လက်ခံနေပြီဖြစ်သလို ယခုနှစ်မှစတင်လိုက်သည့် တက္ကသိုလ်တွင်းအ ဆောင်များထားရှိရာတွင် သပ်ရပ်ခန့်ညား၍ သန့်ရှင်းမှုများရှိရန်အတွက် အဆောင်ပြင်ဆင်စိစစ်ရေးဆပ်ကော်မတီ၊ ကျောင်းသား၊ ကျောင်းသူများစိစစ်ရေးဆပ်ကော်မတီစသည့် လုပ်ငန်းဆပ်ကော်မတီများကို နိုဝင်ဘာ၂၅ ရက်တွင် ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ထိုသို့အဆောင်များထားရှိရာတွင် ယခင်ကတည်းကရှိပြီးဖြစ်သော မုံရွာတက္ကသိုလ်နယ်မြေအတွင်းရှိ အနော်ရထာဆောင်၊ မေတ္တာဆောင်နှင့် ချင်းတွင်းဆောင်များကို ပြန်လည်ပြုပြင်မွမ်းမံ၍ လောလောဆယ် ပထမနှစ်ပညာသင်ကျောင်းသား ၅၀ ဦးနှင့် ကျောင်းသူ ၁၅၀ ဦး စုစုပေါင်း ၂၀၀ ဦးကို အနော်ရထာဆောင်တွင် ကျောင်းသားများနှင့် ချင်းတွင်းဆောင်တွင်ကျောင်းသူများကို ထားရှိရန်ပြုပြင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မုံရွာတက္ကသိုလ်အတွင်း အသစ်တည်ဆောက်နေသော အဆောင်များပြီးစီးသွားပါက ဆရာ၊ဆရာမများအတွက် နေထိုင်ဆောင်၊ စာသင်ဆောင်များ အတည်တကျဖြစ်သွားပါက ကျောင်းသား၊ကျောင်းသူများနေထိုင်ရန် အဆောင်သစ်များကို ဆက်လက်တည်ဆောက်ရန်ရှိကြောင်း မုံရွာတက္ကသိုလ်တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ်စာသင်ရာသီတွင် ပထမနှစ်တက်မည့် ကျောင်းသား၊ ကျောင်းသူ ၄၀၀၀ ကျော်ရှိသည့်အနက် ၂၀၀ သာ အဆောင်နေရမည်ဖြစ်ပြီး အဆိုပါ ၂၀၀ ဦးကို သတ်မှတ်ထားသည့် တက္ကသိုလ်ဝင်တန်းအောင်မှတ်ပေါ်မူတည်ပြီး မုံရွာမြို့နယ်စည်ပင်နယ်နမိတ်၏ပြင်ပမှ လာရောက်တက်ရောက်သူ ကျောင်းသူ၊ ကျောင်းသားများကို စိစစ်လက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ မုံရွာတက္ကသိုလ်တွင် ယခုစာသင်နှစ်၌ ပထမနှစ်၊ဒုတိယနှစ်နှင့် တတိယနှစ် စာသင်သားဦးရေမှာ တစ်သောင်းကျော်ရှိမည်ဖြစ်သည်။ တက္ကသိုလ်တွင်း အဆောင်နေမှာ ၂၀၀ ဦးသာ လက်ခံနိုင်ဦးမည်ဖြစ်သောကြောင့် လက်ရှိပြင်ပတွင် ဖွင့်လှစ်နေသော အဆောင်များဆက်လက်အလုပ်ဖြစ်နေဆဲဖြစ်မည်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆောင်းရာသီ မြိုင်မြို့နယ်ထွက် မြေအိုးများ ရောင်းကောင်း

**မြိုင် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် မြန်မာ့မီးရထားဘူတာရုံအနီးရှိ ဆောင်းရာသီ မြေအိုးပြုလုပ်ရောင်းချသူများသည် မြေဖြင့်ပြုလုပ်သော သောက်ရေအိုး၊ ဖျဉ်းအိုး၊ ထမင်းအိုး၊ ဟင်းအိုး ဆိုဒ်စုံ၊ ဘုရားပန်းအိုးအမျိုးမျိုးနှင့် ဘုရားပန်းလှူရန် ညောင်ရေအိုးအရွယ်အမျိုးမျိုး၊ ကလေးကစားစရာရေနွေးကရား၊ ဆွမ်းအုပ်၊ အရုပ်မျိုးစုံတို့ကို ပြုလုပ်ရောင်းချလျက်ရှိရာနေ့စဉ် ပခုက္ကူ-မြိုင်-ကျောသာသို့ သွားလာနေသော ခရီးသွားပြည်သူများ ကြိတ်ကြိတ်တိုးစည်ကားကာ အရောင်းအဝယ်ဖြစ်ထွန်းနေကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**


## အစိုးရ/လူမှုရေးကြော်ငြာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်ဖော်ပြပါ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

(က) နှလုံးဆေးကုဌာနတွင် Cath Lab ထားရှိမည့် အခန်းပြုပြင်ခြင်းလုပ်ငန်း

(ခ) အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးဌာနတွင် Spect CT ထားရှိမည့်အခန်း ပြုပြင်ခြင်းလုပ်ငန်း

၂။ တင်ဒါအသေးစိတ်အချက်အလက်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် -၂၉-၁၁-၂၀၁၃ရက်(သောကြာနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် -၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့) (၁၆း၀၀)နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**(တင်ဒါခေါ်ယူခြင်း)**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာပစ္စည်း(၃၇)မျိုးနှင့် Copier/ Printer Toner Cartridge (၁၁)မျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂၉-၁၁-၂၀၁၃ ရက်မှစ၍ ၆-၁၂-၂၀၁၃ ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၆-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ပြည်ထောင်စုဝန်ကြီးရုံး တယ်လီဖုန်းအမှတ် (၀၆၇-၄၃၁၀၁၁) နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ တယ်လီဖုန်းအမှတ် (၀၆၇-၄၃၁၀၂၇) သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**M.A (Eng:)ဘွဲ့ရများအား အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်တွင် တာဝန်ပေးအပ်နိုင်ရန်အတွက် M.A(Eng:)ဘွဲ့ရများအား လစာနှုန်း (၇၉၀၀၀ိ/-၁၀၀၀ိ/-၈၄၀၀၀ိ/) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် ၁၀-၁၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) M.A (Eng:) ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် အသက် (၂၈) နှစ်ထက် မကြီးသူ ဖြစ်ရမည်။

(ဃ) (၆) လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။

(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။

(ဆ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊

(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊

(ဈ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၂။ သတ်မှတ်ချက်ကိုက်ညီသူများသည် အလုပ်ဝင်ခွင့် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့ စစ်ဆေးချိန်တွင် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/အလုပ်သမား မှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာ တက္ကသိုလ်/ကောလိပ်/သိပ္ပံ/ကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (တယ်လီဖုန်း နံပါတ်-၀၆၇-၄၀၄၀၁၇) တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပြည်တွင်းပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာနမှ အောက်ဖော်ပြပါအိတ်ချိန်းစက်ပစ္စည်းအမျိုးအစားများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ရာဆက်သွယ်ရေး စက်ပစ္စည်းများ တင်သွင်းလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | Interconnection Core Network Expansion | |
| | (၁)Core Transport & Routing Network (WDM/ Router Based)Expansion | 1(Lot) |
| | (Alcatel Lucent/ ECI/ Ericsson/Fujitsu/Huawei/NEC/ZTE တို့မှ ထုတ်လုပ်သောစက်ပစ္စည်းများ) | |
| (ခ) | Interconnection Settlement & Mediation System | |
| | (၁)Interconnection Settlement Collection System | 1(Lot) |
| | (Advoss/Alcatel Lucent/Alepo/Ericsson/Huawei/ Nokia Siemens/ Subex/ZTE တို့မှ ထုတ်လုပ်သောစက်ပစ္စည်းများ) | |
| (ဂ) | Interconnection Settlement Charging System | |
| | (၁)(CvBS/NGBSS; Convergent, Prepaid & Postpaid, Multi-Services Provider, CRM System) | 1(Lot) |
| | (Advoss/Alcatel Lucent/ Alepo/Ericsson/Huawei/ Nokia Siemens/ Subex/ZTE တို့မှ ထုတ်လုပ်သောစက်ပစ္စည်းများ) | |

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့နံနက် ၉း၃၀ နာရီမှ ဒီဇင်ဘာလ(၆)ရက်နေ့ ညနေ ၁၆း၀၀ နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ်(၁၀၃)၊ လမ်း(၄၀)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား အမှတ်စဉ်(က)နှင့်(ဂ) တို့အတွက် တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀၀နှုန်းစီဖြင့်လည်းကောင်း၊ အမှတ်စဉ်(ခ)အတွက် တင်ဒါပုံစံနှင့် RFP(Request for proposal) တစ်စုံလျှင် ကျပ်၁၀၀၀၀၀နှုန်းဖြင့်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

၃။(က) စက်ပစ္စည်းများတင်သွင်းရောင်းချလိုသည့် ပြည်တွင်းပြည်ပကုမ္ပဏီများသည် တင်ဒါပုံစံနှင့် RFP,Technical & Service proposal) များတွင်ဖြည့်သွင်းရမည့်အချက်အလက်များပြည့်စုံစွာ ထည့်သွင်းလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ်(၁၀၃)၊လမ်း(၄၀) ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့သို့ ၂၀၁၃ခုနှစ်၊ဒီဇင်ဘာလ(၁၀)ရက်နေ့ နံနက် ၉း၃၀ နာရီမှ ဒီဇင်ဘာလ(၁၉)ရက်နေ့ နံနက် ၁၁း၀၀ နာရီအတွင်း တင်ဒါတင်သွင်းကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

၃။(ခ) တင်ဒါတင်သွင်းရန် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ စက်ပစ္စည်းများအား Price နှင့် Performance ယှဉ်တွဲစဉ်းစား ရွေးချယ်သည့် နည်းလမ်းဖြင့်တင်ဒါစိစစ်၊ ဈေးနှုန်းစိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ တယ်လီဖုန်းအမှတ်(၀၁-၃၇၀၄၄၄၊၀၁-၃၇၂၄၄၄)နှင့် (၀၉-၄၅၀၁၂၃၄၅၆၊ ၀၉-၅၀၂၁၀၈၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အမည်ပြောင်း**

ရသေ့တောင်မြို့နေ ဦးကျန်မောင်၏သား မောင်ရဲကျော်ကျော် [၁၁/ရသတ(နိုင်)၀၅၇၆၉၁]အား မောင်အောင်ကျော်မင်းဟု ပြောင်း၍ ခေါ်ဆိုပါရန်။

**မောင်အောင်ကျော်မင်း**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းနှင့် မြေးအဖြစ်မှမသက်ဆိုင်ကြောင်းအများသိစေရန်ကြော်ငြာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်မြို့သစ် ၅၄ လမ်း၊ ဘုရင့်နောင်နှင့်အောင်ဇေယျလမ်းကြား(စစ/၆)ရပ်ကွက်၊ အိမ်အမှတ် (၁၂၁)နေဦးခေတ်မောင်-ဒေါ်နန်းပေါ်၏ မြေး ဦးသောင်းမြင့်ငွေး၏သမီး မစုမွန်ပြည့် [၉/ခမစ(နိုင်)၀၃၂၀၈၃]သည် အဘိုး၊ အဘွားနှင့်ဖခင်တို့၏ စကားကိုနားမထောင်ဘဲမိသားစုအပေါ် သိက္ခာချစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး မိမိသဘောဆန္ဒအရနေအိမ်မှ ၁၈-၁၁-၂၀၁၃ ရက်တွင် ထွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်လိုက်ကြောင်းနှင့် မြေးအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုတာဝန်မယူပါ။

**ဦးခေတ်မောင်-ဒေါ်နန်းပေါ်**
**(သား)ဦးသောင်းမြင့်ငွေး**

ပြည်တွင်းရေးရာ

# တတိယအရွယ်နေညိုချိန်

ရန်ကုန်မြို့ အလုံကရင်ခြံရပ်ကွက် မော်တော်ကားစက်ပြင်အလုပ်ရုံအနီး စွန့်ပစ်ခံထားရသည့် လေဖြတ်အဘိုးအိုတစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လိုအပ်သောဆေးဝါးကုသမှုပေးပြီး ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ"ဆည်းဆာရိပ်" ဂိလာနဘိုးဘွားရိပ်သာသို့လွှဲပြောင်းပို့အပ်ခဲ့သည့်ဖြစ်စဉ်တစ်ရပ်ကို သတင်းစာတွင် ပုံနှင့်တကွ ဖတ်လိုက်ရသည်။

လူ့ဘဝမွေးဖွားခြင်းနှင့်သေဆုံးခြင်း ကာလအပိုင်းအခြားကြားတွင် ပုံမှန်အားဖြင့် အရွယ်သုံးပါးကို ဖြတ်သန်းကြရမြဲ။ ပထမအရွယ်လူငယ်ဘဝ မိဘနှင့် ဆရာတို့၏ မေတ္တာရိပ်ခိုကာရေမစုတ်ကြာမလှုပ်၊ အပူအပင်ကင်းမဲ့စွာဖြင့် အိမ်တံစက်မြိတ်နှင့်ကျောင်းပရဝဏ်ကြား အချိန်ကုန်ခဲ့ကြရသည်။ လောကနယ်ပယ်၏ လက်တွေ့ဘဝခရီးကြမ်းကိုဖြတ်သန်းနိုင်ဖို့ အသိပညာ၊ အတတ်ပညာများဖြည့်တင်းစုစည်းအသင့်ပြင်ဆင်ကြရသည့်ကာလ။

လူလတ်အရွယ်ဘဝခရီးကြမ်းလျှောက်လှမ်းရပြီဆိုသည်နှင့် အားနှင့်မာန်နှင့်ရှိနေကြသည်။ လောကဓံ၏အထုအထောင်းဒဏ်ကို ကြံ့ကြံ့ခံရင်းမာန်တင်းကာ ဦးတည်ချက်မပျက်ယွင်း အားကြိုးမာန်တက် တစ်စိုက်မတ်မတ်နှင့် တည်ဆောက်ခဲ့သည့်မိသားစုဘဝအပေါ် တာဝန်ကျေခဲ့ကြသည်။

တတိယအရွယ်နေညိုချိန်ရောက်ခဲ့ပါပြီ။ ဝန်ထမ်းများဆိုပါက အသက်၆၀ပြည့်သည်နှင့် လူအိုစာရင်းသွင်းခံလိုက်ရပြီး မအိုချင်သေး၊အိုလိုက်ရပြီ။ သင့်တင့်မျှတပင်စင်ထောက်ပံ့ငွေချီးမြှင့်ပေးလျက် နေညိုချိန်မှာ သက်တောင့်သက်သာနေခွင့်ပြုလိုက်သည်။သို့သော်ပင်စင်ပေးခံရကာ စစပ်ကူးမက်ကူးကာလမှာ လတ်တလောအပြောင်းအလဲဒဏ်ခံနိုင်ရည်မရှိ၊ အသက်အန္တရာယ်ထိကြုံတွေ့သွားကြရသူများ ဒုနှင့်ဒေးပါ။ ပြောင်းလဲမှုဟူသည် လောကနိယာမတစ်ရပ်ဟု ဉာဏ်အသိနှင့်ယှဉ်နေတတ်ကြသူ တချို့သာ ထိုကာလတို့ကို တည်ငြိမ်အေးချမ်းဖြတ်သန်းနိုင်ကြသည်။ မည်သို့ဆိုစေနိုင်ငံ့ဝန်ထမ်းများအို၍ အပယ်ခံလိုက်ရခြင်း။

မိသားစုအတွင်းတွင်လည်း အရေးမပါ အရာမရောက်၊မသိမသာ နောက်တန်းရောက်လာကြရသည်။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် စားရေးတွင် နိုင်ငံတော်၏ထောက်ပံ့ငွေနှင့် အတိုင်းအတာထိ အဆင်ပြေနေကြသော်လည်း ဝန်ထမ်းမဟုတ်သူတစ်ချို့ကျောထောက်နောက်ခံမကောင်းသောအခါ စွန့်ပစ်ခံဘဝနှင့် လမ်းဘေးရောက်လာကြရသည်။ လက်ဝါးဖြန့်အသနားခံ၊ အပယ်ခံများဘဝ။ လတ်တလောအလုံမှဖြစ်စဉ်က သက်သေပြနေသည်။

ကမ္ဘာနှင့်အဝန်းတွင်လည်း မွေးဖွားနှုန်းကနည်းပြီး အိုမင်းလာသူကများနှင့် ပြင်းထန်သောစိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေကြောင်း၊ အထူးသဖြင့် အာရှပစိဖိတ်နိုင်ငံများတွင် ဩစတြေးလျ၊ဂျပန်နှင့် တရုတ်ကဲ့သို့သော အာရှပစိဖိတ်ဒေသများတွင် လူဦးရေအမျိုးအစား၌ သက်ကြီးရွယ်အိုများပြားလာနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာညွှန်ကြားရေးမှူးက ထောက်ပြသတိပေးထားသည်။

တစ်ဖက်တွင်ကလေးမွေးဖွားနှုန်းကို တရားဝင်ကန့်သတ်လာခြင်းကြောင့် အခြားတစ်ဘက်တွင်သက်ကြီးရွယ်အိုများတိုးပွားလာနေခြင်းဖြစ်သလို၊ တစ်ချို့ကလူအများကိုသေစေခဲ့သည့် ရောဂါဘယများကိုခေတ်သစ်ဆေးပညာရပ်ကအနိုင်ယူလိုက်နိုင်မှုသည်လည်း အကျိုးသက်ရောက်မှုတစ်ရပ်ဖြစ်သည်။

မည်သို့ဆိုစေ"နွားကျောင်းသားသည် နှင်တံဖြင့်နွားတို့ကိုကျက်စားရာ မြက်ခင်းသို့ နှင်ဘိသကဲ့သို့အိုခြင်း၊ သေခြင်းသည် သတ္တဝါ၏ အသက်ကို သေမင်းနိုင်ငံသို့ပို့နှင်၏"။ ဓမ္မပဒလာဒေသနာစကားကဲ့သို့ အိုခြင်း၊ နာခြင်းကို လူတိုင်းဖြတ်သန်းကြရနိယာမသာဖြစ်သည်။ ဤဖြစ်စဉ်သဘာဝကိုရင်ဆိုင်နေကြရသောနိုင်ငံသားများ မိမိတို့နိုင်ငံတွင် ၆ဒသမ၅သန်းကျော်ရှိနေသည်။ နိုင်ငံသားဦးရေ ၂၀ တွင် သုံးယောက်နှုန်းရှိနေသည်။

ဤပုဂ္ဂိုလ်များအတွက်သေခြင်းတွင်တွေးပူစရာမလိုပါ။ မဟာရန်ကုန်အပါအဝင် မြို့ပြတိုင်းမှာ နာရေးကူညီမှုအသင်းများရှိနေသည်။ အစအဆုံး တာဝန်ယူအကျိုးဆောင်ပေးနေကြသည်။သို့သော်နာခြင်းတွင်ကား ငွေအသပြာခင်းနိုင်မှ အဆင်ပြေနေရသည့် လက်ရှိအခြေအနေ လက်ရှိနိုင်ငံတော်၏ပွင့်လင်းလူ့အဖွဲ့အတွင်းမှာ အသက်၆၀ကျော် လူအိုများအားအခမဲ့ဆေးဝါးကုသခွင့်သာရလာနိုင်မည်ဆိုပါလျှင်. . . ဤလုပ်ရပ်သည် မိသားစုအပေါ်၊ နိုင်ငံ့အပေါ် တာဝန်ကျေ၊ ဝတ္တရားမပျက်ယွင်းခဲ့ကြသော မိဘ၊ ဘိုးဘွားများအား ကျေးဇူးတုံ့ပြန်ပေးဆပ်ခြင်း၊ ဂါရဝါဝစမင်္ဂလာတစ်ပါးပင် မဟုတ်ပါလော။

လဲနေသူထူပေး၊ အားငယ်သူကိုအားပေးအကူအညီပေးကြသည်မှာ မြန်မာ့လူ့အဖွဲ့အစည်း၏ ထုံးတမ်းစဉ်လာ၊ ကျင့်ဝတ်သိက္ခာနှင့်ဆိုင်သောယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။ သားသမီး၊မိဘ၊ဆရာ၊တပည့်၊အကြီးအမှူးစသဖြင့် ဆိုင်ရာဆိုင်ရာကျင့်ဝတ်များကို သိက္ခာတစ်ရပ်ဖြစ်စောင့်ထိန်းလိုက်နာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ခေတ်စနစ်ပယောဂကြောင့် အားနည်းချက်များရှိနိုင်လည်း ယိုယွင်းလာသည့်အဆင့်ထိမရောက်ရှိသေးပါ။ လက်ရှိနာရေးကူညီမှုအသင်းများ၊ သက်ကြီးရွယ်အိုအာစရိယပူဇော်ပွဲများက သက်သေပြနေပါသည်။ တစ်ဘက်မှာ အားနည်းချက်ရှိနေလည်း အများကလက်သင့်မခံတာဝန်ယူ ကူညီရိုင်းပင်းပေးနေကြသည်ကို အလုံကရင်ခြံရပ်ကွက်ဖြစ်စဉ်က ထောက်ခံပြနေသည်။ ဘာသာရေးနွယ်သော လူမှုကျင့်ဝတ်များနှင့် ဖွဲ့နှောင်ထားသည့် မြန်မာတို့၏ ဖြူစင်ရိုင်းပင်း ပင်ကိုယ်စိတ်ထား၊ နှလုံးသားထိ စွဲမြဲလိုက်နာကျင့်ကြံနေကြဆဲပါ။

နိုင်ငံတော်မှလည်း သက်ကြီးဂေဟာများကို ပံ့ပိုးခြင်း၊ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့(မြန်မာနိုင်ငံ)နှင့်ပူးပေါင်းပြီး ရပ်ရွာအခြေပြု သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များဖွဲ့စည်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေး ကြိုးပမ်းလျက်ရှိနေသည်။ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာဥပဒေ(မူကြမ်း)ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကိုလည်း လွှတ်တော်တွင် ကြိုးစားလာနေကြပြီး သက်ကြီးများအနာဂါတ်အရေး "မြူတိမ်ကင်း၍ လမင်းသာ"ချိန်ရောက်တော့မည်။

"တစ်ဦးဆောင်သော်မရ၊ တစ်သောင်းဆောင်သော်ရ၏" ဆိုစကားနှင့်အညီ ကျေးဇူးဆပ်မြတ်သည့် အလှူကိစ္စဖြစ်၍ တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

## အွန်လိုင်းဥပဒေဘွဲ့ သင်တန်း ဖွင့်လှစ်ပေးတော့မည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

အွန်လိုင်းဥပဒေဘွဲ့(Online LLB) သင်တန်းကို လာမည့်ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်သင်ကြားပေးတော့မည်ဖြစ်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်မှ သိရသည်။

အဆိုပါသင်တန်းသည် ငါးနှစ်သင်ကြားရမည်ဖြစ်ပြီး သင်ကြားပြီးနောက် ရရှိသောဘွဲ့ဖြင့် နိုင်ငံတော်မှ ခေါ်ယူသော တရားသူကြီး၊ ဥပဒေအရာရှိစသော အလုပ်များတွင် ဝင်ရောက်လျှောက်ထားခွင့်ရှိခြင်း၊ အလုပ်သင်ရှေ့နေအဖြစ် လေ့လာကာ ရှေ့နေလောကသို့ ဝင်ရောက်နိုင်သည့်အခွင့်အလမ်းများရှိသည်ဟု ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ဆက်သွယ်စုံစမ်းရာမှ သိရှိရခြင်းဖြစ်သည်။

ငါးနှစ် တက်ရောက်ရမည့် အွန်လိုင်းဥပဒေဘွဲ့ သင်တန်းကို ဒီဇင်ဘာ ၆ရက်တွင် ဖွင့်လှစ်မည်ဟုသိရပြီး တက်ရောက်ရန် လျှောက်လွှာများကို နိုဝင်ဘာ၂၉မှ ဒီဇင်ဘာ၃၁ရက်အထိ လက်ခံပေးသွားမည်ဖြစ်ကြောင်း ၊တက္ကသိုလ်ဝင်တန်းအောင်မြင်သူများလည်း တက်ရောက်နိုင်သလို၊ ဘွဲ့တစ်ခုခုရရှိသူများ တက်ရောက်နိုင်သည့် အွန်လိုင်းစနစ်မှ ပထမဆုံးစတင်သင်ကြားပေးခြင်း ဖြစ်ကြောင်းသိရသည်။

သင်တန်းဝင်ခွင့်မှတ်ပုံတင်ခြင်းကို အဆိုပါတက္ကသိုလ်ရှိ သင်တန်းရေးရာဌာနသို့ လည်းကောင်း၊ www.ynou.edu.mm ဝက်ဘ်ဆိုက်မှ တစ်ဆင့်အွန်လိုင်း Registration ပြုလုပ်၍ Student ID နှင့် password တို့ကိုရယူနိုင်သလို ဖုန်း-၀၁-၅၂၅၁၄၆၊၅၃၆၅၈၁၊ ၅၂၅၁၃၈ သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**


အစိုးရ/စီးပွားရေးကြော်ငြာ

လျှပ်စစ်သုံးလျှင် အသိယှဉ် ဝန်အားမမျှ မသုံးရ




### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထဲရေးဝန်ကြီးဌာန
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်(၁/၂၀၁၃)
၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)/ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးနေရာ(၃၅၆)နေရာ လစ်လပ်လျက်ရှိသဖြင့် အောက်ပါသတ်မှတ်ချက်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့/မဟာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်၊
- (ဂ) အောက်ပါမဟာဘွဲ့ရရှိသူများကို ဦးစားပေးခန့်ထားမည်၊
  - (၁) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) MA (English)
  - (၂) မဟာဥပဒေဘွဲ့ LLM
  - (၃) ဘောဂဗေဒပညာမဟာဘွဲ့ ME con (Eco)
  - (၄) စာရင်းအင်းပညာမဟာဘွဲ့ ME con (Stat)
  - (၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ MPA
  - (၆) မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ) MA (IR)
  - (၇) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ MBA
  - (၈) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ MDveS
  - (၉) မဟာကွန်ပျူတာသိပ္ပံဘွဲ့ MCSc
- (ဃ) ကျန်းမာသန်စွမ်း၍ နိုင်ငံတော်အတွင်း ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (င) ၃၁-၁၂-၂၀၁၃ ရက်နေ့တွင် ဘွဲ့ရရှိပြီးသူများ အသက်(၂၇)နှစ်ထက်မကျော်လွန်သူ၊ မဟာဘွဲ့ရရှိသူများ အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို သတင်းစာများ၌ ထပ်မံကြော်ငြာသွားမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ်ကို လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းခေါင်းစဉ်အမှတ်(MD-010237)သို့ ပေးသွင်းရမည်ဖြစ်သည်။ သတ်မှတ်ထားသော လျှောက်လွှာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ဝင်ကြေးငွေ ၁၀၀၀ကျပ် ပေးသွင်းသည့် ချလန်မူရင်း ပြသ၍ ထုတ်ယူနိုင်သည်။ လျှောက်လွှာထုတ်ယူသည့်နေရာ၌ ၃၁-၁၂-၂၀၁၃ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာများကို တင်သွင်းရမည်။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်။
- (က) ဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူမှန်၊ (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်)
- (ဂ) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ်မိတ္တူမှန်၊ (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်)
- (ဃ) (၂)လအတွင်းရိုက်ထားသော ပတ်စပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊
- (င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်။

၄။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၀)၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို လျှောက်လွှာထုတ်ယူသည့်နေရာ၌ တင်သွင်းရမည်။

၅။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၇။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသေးစိတ်ကိုသိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၀)၊ ဖုန်း-၀၆၇-၄၁၂၄၁၅၊ ၀၆၇-၄၁၂၄၀၆ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကမာရွတ် အထက(၅) ကျောင်းသား/သူဟောင်းများ အာစရိယပူဇော်မည်

အထက(၅)ကမာရွတ် ကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၉-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၉ နာရီ အထက(၅)ကမာရွတ် သပြေခန်းမတွင် ကျင်းပမည်ဖြစ်သဖြင့် ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ၁။ ဆရာမ ဒေါ်စိုးစိုးဝင်း | (၀၉-၄၃၁၁၂၆၄၅) |
| ၂။ ဦးကျော် | (၀၉- ၈၆၁၅၄၉၅) |
| ၃။ ကိုမောင်မောင်ကျော် | (၀၉- ၅၁၇၀၆၈၉) |
| ၄။ မသွယ်သွယ်မြင့် | (၀၉- ၅၀၀၀၀၄၇) |
| ၅။ ကိုဟုတ်အောင် | (၀၉- ၇၃၁၁၉၃၆၆) |
| ၆။ မဆွေရည်လွင် | (၀၉-၇၃၁၄၈၀၄၀) |
| ၇။ မအိအိမြိုင် | (၀၉-၇၃၀၀၈၈၀၇) |
| ၈။ ကိုညဏ်လင်းအောင် | (၀၉-၅၀၉၆၀၃၇) |
| ၉။ မစူဇံထွန်းအောင် | (၀၉-၇၃၀၉၄၀၇၃) |
| ၁၀။ ကိုရာဇာထွန်း | (၀၉-၄၂၀၀၅၇၂၇၂) |

### အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်မှုနှင့် လူမှုရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခြင်းကြောင့် Asian Football Confederation က ချီးမြှင့်သည့် AFC Dream Asia Award ရရှိခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် မြန်မာ့ဘောလုံးလောက၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ဆတက်ထမ်းပိုး ကျန်းမာပျော်ရွှင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အသင်းပိုင်ရှင်များ၊ အုပ်ချုပ်/နည်းပြနှင့်ဘောလုံးသမားများ**
**(ရောဝတီ ယူနိုက်တက် FC)**

# ရခိုင်ပြည်နယ် ပေါက်တောမြို့ မြေငူကျွန်းမှ ဆံတော်ရှင်စေတီတော်

မောင်ထည်ဝါ(ပျော်ဘွယ်)



ရိုးမတောင်တန်းပင်လယ်ကမ်းနှင့် လွမ်းမောဖွယ်ရာ ရှုခင်းအလှအပများနှင့် ပြည့်စုံနေသော ရခိုင်ပြည်နယ် ပေါက်တောမြို့သို့ တာဝန်အရ သွားရောက်ဖြစ်ခဲ့သည်။ ရခိုင်ပြည်နယ်မှာ ဗုဒ္ဓသာသနာထွန်းကားသော ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးသော စေတီဘုရားများစွာ တည်ရှိနေပါသည်။ ပေါက်တောမြို့နယ် မြေငူကျွန်းပေါ်တွင် တည်ရှိသော ဆံတော်ရှင်စေတီတော်မှာလည်း တန်ခိုးကြီးမားထင်ရှားလှပါသည်။ ထိုစေတီတော်မှာ မြေငူကျွန်းတောင်ဘက်စွန်း၌ တည်ရှိသည်။ စစ်တွေမြို့မှ ၁၈ မိုင်၊ ပေါက်တောမြို့မှ မိုင် ၃၀ ခန့် ကွာဝေးသည်။ ဆံတော်ရှင်ဘုရားပွဲတော်ကို နှစ်စဉ်နတ်တော်လဆန်း ၁၁ ရက်မှ လပြည့်နေ့ထိ ဇာတ်ပွဲ၊ ရုပ်ရှင်၊ မျက်လှည့်၊ ချားရဟတ်စသည့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ပင်လယ်ပြာပြာဝန်းရံနေသော မြေငူကျွန်းပေါ်ရှိ သမိုင်းဝင်ဆံတော်ရှင်စေတီတော်၏ သမိုင်းအကျဉ်းကိုလည်း လေ့လာခွင့်ရခဲ့သည်။

ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းသည် မဟာသက္ကရာဇ် ၁၂၃ ခုတွင် မနောအဓိဋ္ဌာန်ဖြင့် ပူဇော်ပင့်ဖိတ်သည်ကို အကြောင်းပြု၍ ဗုဒ္ဓသခင်ဘုရားရှင်သည် နောက်ပါရဟန္တာငါးရာခြံရံလျက် ကောင်းကင်ခရီးဖြင့် ရခိုင်ဒေသသို့ ကြွချီတော်မူလာပြီး သေလာဂီရိခေါ် ကျောက်တော်တောင်သို့ ဆင်းသက်ရပ်နားတော်မူသည်။ ထိုတောင်ထိပ်၌ "ငါဘုရားသည် ဓညဝတီပြည်မှ ဒွါရာဝတီမြို့ ဒေသစာရီကြွချီတော်မူလာစဉ် လမ်းခရီး ငါရပ်တော်မူရာ နီလာပဗ္ဗတတောင်ထိပ်၌ စေတီတည်လတ်၍ ဆံတော်ရှင်စေတီတွင်လတ္တံ့"ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။

စန္ဒသူရိယမင်း၏ လျှောက်ထားချက်အရ သီရိဂုတ်တောင်တွင် ကိုယ်စားတော်အဖြစ်မဟာမုနိရုပ်ပွားတော်မြတ်ကို သွန်းလုပ်ပူဇော်ပြီးနောက် ဗုဒ္ဓဘုရားရှင်သည် ဒွါရာဝတီမြို့သို့ ဆက်လက်ကြွချီတော်မူခဲ့ရာ ကစ္ဆပနဒီမြစ်အဆုံး မဟာသမုဒ္ဒရာအပေါ်ရောက်လေသော် ပင်လယ်ရေပြင်တွင် လှိုင်းတံပိုးတို့ဖြင့် ဆူပွက်ထလာ၏။ လရောင်ဖြင့် အရပ်ရှစ်မျက်နှာသို့ အလင်းရောင်များဖြာထွက်လာ၏။ ထိုဖြစ်ရပ်ကို နဂါးမင်းရှစ်ဦးတို့က သိရှိကြပြီး သကာလ ဘုရားရှင်အား ပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်ကြပြီးလျှင် ကိုယ်စားတော်ထားရစ်ခဲ့ပါရန် လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဆံတော်နှစ်ဆူကို နဂါးမင်းတို့အား ပေးသနားတော်မူ၍ "သာသနာငါးထောင်တည်အံ့"ဟု ဗျာဒိတ်ပေးတော်မူ၏။ နဂါးအပေါင်းတို့လည်း ကျောက်ခဲများကို စုဆောင်း၍ ဆံတော်နှစ်ဆူကို ဌာပနာပြု၍ စေတီတည်ကြကုန်၏။

တစ်နေ့သောအခါမှာတော့ ဆန္ဒသူရိယမင်းကြီး နီလာပဗ္ဗတတောင်ပေါ်တက်၍ စေတီတော်ကို ဖူးမြော်ကြည်ညိုရာ နဂါးတည်သောစေတီမှာ လူတို့တည်သောစေတီနှင့် ပုံစံမတူသဖြင့် မူလစေတီကိုငုံပြီး မိမိ၏မကိုဋ်နှင့်တူအောင် ပြန်လည်တည်တော်မူ၏။ ထို့ကြောင့် "လူနှင့် နဂါးတည်တုံခြားသည် ဘုရားဆံတော်ရှင်၊ မြတ်ရှင်ပင်"ဟု စာဆိုပြုခဲ့သည်။ ထို့နောက် ဝေသာလီခေတ် မဟာသူရိယစန္ဒြားမင်း၊ မြောက်ဦးခေတ်ဘုရင်မင်းဖလောင်း၏မိဖုရား စိုးမဲကြီးတို့က ဆက်လက်၍စေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ နယ်ချဲ့လက်အောက်ကိုလိုနီခေတ်ရောက်သောအခါ ၁၈၃၄ ခုနှစ် စစ်တွေမှ ဒေးဝန်းအောင်ကျော်ရှိ၊ ဦးမောင်သာဇံ ၁၈၉၇ ခုနှစ်စသော ပုဂ္ဂိုလ်ကြီးများ ဦးဆောင်၍ ပြည်သူအများပါဝင်လျက် စေတီအရှည်တည်တံ့ရေးကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြရာ ယနေ့ထိတိုင်ပင်ဖြစ်သည်။

ဆံတော်ရှင်စေတီအားလာရောက်ဖူးမြော်မည်ဆိုပါလျှင် သင်္ဘော၊ မော်တော်၊ စက်လှေတို့ဖြင့် ကျွန်းအရှေ့ဘက်ခြမ်းရှိ စိုးမဲကျီဆိပ်ကမ်းသို့ ဦးစွာလာရောက်ရသည်။ ထိုမှတစ်ဆင့် နှစ်မိုင်ကျော်တောင်တက်ခရီးကို ခြေကျင်ဖြတ်သန်းလိုက်လျှင် ပင်လယ်ပြာပြာရှုခင်းအလှနှင့်အတူဆံတော်ရှင်စေတီတော်ကို ဘွားခနဲဖူးတွေ့ရမည်ဖြစ်သည်။ ထို့အပြင် စေတီတော်နှင့်ဆက်စပ်လျက် ခြေတော်ရာ၊ သိမ်တော်ရာ၊ နန်းရာကုန်းတို့ကိုလည်း ခြေကျင်လျှောက်သွား၍ ဖူးမြော်လေ့လာနိုင်သည်။ ဆံတော်ရှင်စေတီတော်မှာ ဘုန်းတန်ခိုးကြီးမားလှသဖြင့် ရခိုင်ပြည်နယ်အတွင်းသာမက မြန်မာနိုင်ငံတစ်နံတစ်လျားအထိ ထင်ပေါ်ကျော်ကြားလျက်ရှိပြီး ဘုရားဖူးပြည်သူများလည်း ဝင်လာမစဲတဖွဲဖွဲဖြစ်နေတော့သည်။ ထို့အပြင် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်ဖူးမြော်နေကြပြီဖြစ်ရာ ဆံတော်ရှင်စေတီတော်ကို အခြေပြု၍ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ ထို့အတူ ဆံတော်ရှင်စေတီတော်၏ သာသနာတော်မှာလည်း တစ်နေ့တခြား ထွန်းကားစည်ပင်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

# ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး ပညာပေးဟောပြော

**ကျောက်မဲ နိုဝင်ဘာ ၃၀**

ကျောက်မဲမြို့တွင် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် ပညာပေးကာလသတ်မှတ်ပြီး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းသိရှိလိုက်နာနိုင်စေရေးအတွက် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ရှမ်းစာ၊ မြန်မာစာ နှစ်ဘာသာဖြင့် လမ်းညွှန်ဆိုင်းဘုတ် စိုက်ထူပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယာဉ်စည်းကမ်းဖောက်ဖျက်သူ အများစုမှာ မော်တော်ဆိုင်ကယ်စီးနင်းသူများဖြစ်ကြရာ အန္တရာယ်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရသေဆုံးမှုမှာလည်း မော်တော်ဆိုင်ကယ်များကြောင့် အများဆုံးဖြစ်သည်ကို တွေ့ရသည်။

သို့အတွက် ကျောက်မဲမြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးပူးပေါင်းအဖွဲ့မှ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ စည်းကမ်းပျက်ဆိုင်ကယ်စီးနင်းသူများအား ဒဏ်ကြေးငွေကျပ် ၁၀၀၀၀ နှင့် တရားရုံးဒဏ်ငွေကျပ် ၁၅၀၀ စုစုပေါင်း ကျပ်၁၁၅၀၀ ဒဏ်ငွေဆောင်စေပြီး ပညာပေးဟောပြောကာ ဆိုင်ကယ်စီးဦးထုပ်များကို ပေးဝေခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးကိုကိုမောင်၊ ဦးကောင်းစိန်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ တပ်ကြပ်ကြီး ခင်မောင်ဇင်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့က ကျောက်မဲမြို့ ရွှေဖီဦးလမ်းနှင့် အောင်ဆန်းလမ်းဆုံမီးပွိုင့်တွင် နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(၅၆၃)


## မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဖိတ်ကြားလွှာ

မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ၂၅-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊ ယုဇနခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ မြိတ်အသင်းဝင်များနှင့် မြိတ်သူ၊ မြိတ်သားများ စုံစုံညီညီ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသက်(၇၀)နှစ်နှင့်အထက် ကန်တော့ခံမည့် မြိတ်အသင်းဝင်များ၊ မြိတ်သူ၊ မြိတ်သား သက်ကြီးဘိုးဘွားများသည် ၁၆-၁၂-၂၀၁၃ ရက် (တနင်္လာနေ့)ညနေ ၄ နာရီ နောက်ဆုံးထား၍ အထောက်အထားများဖြင့် မြိတ်အသင်းရုံးသို့ ဆက်သွယ်စာရင်းပေးသွင်းပြီး ကန်တော့ခံကြွရောက်နိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**အမှတ်(၆၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၄၃၄၀**



## (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

## အထက(၁)သာကေတ

အထက(၁)သာကေတတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃-၂-၂၀၀၂ရက်အထိ သက်ပြည့်အငြိမ်းစားယူပြီးသည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**အခမ်းအနားအစီအစဉ်**

| | |
|---|---|
| နေ့ရက် | - ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ (တနင်္ဂနွေနေ့) |
| အချိန် | - နံနက် ၉ နာရီ |
| နေရာ | - မြဝတီခန်းမ၊ အထက(၁)သာကေတ |

ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက

| | |
|---|---|
| ဦးမောင်ဝင်း | ၀၉-၅၄၀၅၁၁၂၊ |
| ဦးမင်းဟန် | ၀၉-၇၃၀၁၃၇၉၃ |
| ဦးအေးမြင့်မောင် | ၀၉-၅၁၅၉၃၂၉၊ |
| ဦးစိုးသိန်း | ၀၉-၄၂၁၀၂၈၀၇၉ |
| ဒေါ်အေးသန်း(မီဒို) | ၀၉-၅၁၂၂၇၈၁၊ |
| ဒေါ်စန်းစန်း | ၀၉-၇၃၁၅၅၈၃၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ |

# မီး သတိပြု

## အမက(၃)ဗဟန်း(မူလွန်)

## ကျောင်းသား/သူဟောင်းများ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၃)၊ အခြေခံပညာမူလတန်းကျောင်း (မူလွန်) ကျောင်းတွင် ၁၉၆၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား/သူဟောင်းများမှ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အမက(၃)ဗဟန်း (မူလွန်) ကျောင်း၊ ကျောင်းစုဝေးကွင်း၌ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/သူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

စတုဒိသာကျွေးမွေးရန်နှင့် အလှူငွေများကို ကျောင်း ဖုန်း-၅၃၈၇၄၁၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေ ၀၉-၅၀၅၃၉၆၇၊ ကိုကြည်ဝင်း ၀၉-၅၀၅၄၀၆၉၊ ကိုသက်အောင် ၀၉-၅၁၅၄၄၁၄၊ ကိုတင်မောင်ဝင်း ၀၉-၅၀၆၂၄၄၄၊ ကိုနေစောလင်း ၀၉-၅၁၇၇၇၂၉၊ မသင်းသင်းဝေ ၀၉-၅၁၁၅၈၉၇၊ မကြည်ဖြူခင်(ပန်းသီး) ၀၉-၄၄၈ ၀၀၄၈၉၉၊ ဒေါက်တာနော်ဂရစ်မောင်မောင် ၀၉-၅၀၅၀၄၃၂၊ ဒေါက်တာမမြတ်ဖုန်း ၀၉-၅၀၇၁၇၉၄၊ သားချစ် ၀၉-၄၄၈၀၃၄၁၄၇၊ ပန်းဇာဖြူ ၀၉-၅၀၀၂၆၄၃ တို့နှင့် ဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## စိန့်ဂျွန်းဒိုင်အိုစီဇင်ယောက်ျားလေးကျောင်း

## အထက(၁)လမ်းမတော် (၁၉၅၅-၇၃)

## (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမတို့အား နှစ်စဉ်မပျက် ကျင်းပသော အာစရိယပူဇော်ပွဲသို့ လာရောက်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက်/အချိန် | - ၈-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ၁၃၇၅ခုနှစ် နတ်တော်လဆန်း ၆ ရက် နံနက် ၉နာရီ |
| ကျင်းပမည့်နေရာ | - စွမ်းအားခန်းမ(အထက(၁)လမ်းမတော်) |

ဆက်သွယ်ရန်-

| | |
|---|---|
| **ဦးဝင်းနိုင် ၀၉-၅၄၀ ၂၁၉၈** | **ဒေါက်တာဖုန်းမြင့် ၀၉-၈၆၀၁၁၄၉** |
| **ဦးဇော်ထူး ၀၉-၇၃၁၂၂၉၂၂** | **ဦးတင်မောင်ဝင်း ၀၉-၄၂၁၀၂၇၄၂၄** |
| **ဦးအေးဝင်း ၀၉-၃၁၂၄၅၈၅၆** | **ဦးဇာနည်ထွန်း ၀၉-၅၁၉၉၉၃၅** |
| **ဦးFrankလှမောင် ၀၉-၅၀၂၅၃၅၅၊** | **ဦးသိန်းဝင်း ၀၉-၄၀၀၃၀၉၇၇၅** |
| **ဦးတင်မောင်ရီ ၀၉-၈၃၀၃၂၆၇** | **ဦးဝင်းနွယ် ၀၂-၇၄၀၂၀** |
| **ဦးအောင်ခိုင် ၀၉-၇၃၀၄၇၈၇၁** | |

# ကျေးဇူးတင်ရှိခြင်း

## ဗိုလ်ရဲထွဋ်(ရဲဘော်သုံးကျိပ်)

**အသက်(၉၂)နှစ်**

၂၇-၁၁-၂၀၁၃ ရက်တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်ခဲ့သော ဗိုလ်ရဲထွဋ်(ရဲဘော်သုံးကျိပ်) အားဆေးကုသပေးခဲ့သော အထွေထွေအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သင်းသင်းနွဲ့၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်မောင်သန်း၊ သုခကမ္ဘာဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့်တကွ တာဝန်ရှိ ဆရာဝန်များ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ပြင်ပကုသမှုခံယူစဉ်ကာလက ဆေးကုသပေးခဲ့သော ဆီးချိုရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်သန်းသန်းအေး၊ သမားတော် ဒေါက်တာဒေါ်ဆွေဆွေအေး၊ အနီးကပ်ပြုစုပေးခဲ့ကြသော သူနာပြုနှင့် သူနာပြုအကူ ဆရာ၊ ဆရာမများ၊ ရပ်ဝေးရပ်နီးမှ နှစ်သိမ့်အားပေးခြင်း၊ ကူညီပေးခြင်းများ ပြုခဲ့ကြသော အသိမိတ်ဆွေများ၊ ဆွေမျိုးသားချင်းများနှင့် စျာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြဦး**

**B.E(Metallurgy )("64"intake)**

**အသက်(၆၈)နှစ်**

သူငယ်ချင်းဒေါ်ခင်မြဦး ၂၃-၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်၊ (၁၉၆၄ နှင့် ၁၉၆၅)**
**ပထမနှစ် ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာစန်းမောင်မောင်(မြိတ်)**

**အသက်(၆၅)နှစ်**

ဒေါက်တာကိုရဲခေါင်၏ ချစ်လှစွာသောဖခင် ဒေါက်တာ စန်းမောင်မောင်(မြိတ်)သည် ၂၄-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ည ၈း ၁၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်ဖေ မိသားစု**
**ကျော်ဖေ(သွားပစ္စည်းရောင်းဝယ်ရေး)**

## ဝမ်းနည်းကြေကွဲခြင်း

ရောဝတီယူနိုက်တက် FCအသင်း၏ အသင်းပိုင်ရှင်တစ်ဦးဖြစ်သော ဦးသိန်းဝင်း(Managing Director, PMG သောက်ရေသန့်)၏ဖခင် ဦးဟုတ်ရောင် အသက်(၉၁)နှစ် (လပွတ္တာ)သည် ၂၄-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသောကြောင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အသင်းပိုင်ရှင်များ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဘောလုံးသမားများ**
